ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိ တော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့။ Monday, 21 March 2022 ၁၀၆၈၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ တပ်မတော်သားများအနေဖြင့် နိုင်ငံ့အရေးအရာနှင့်ပတ်သက်၍ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် မိုင်းမောတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ မိုင်းမောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းမောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

ယနေ့ ဖတ်စရာ

(၇၇) နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

နိုင်ငံတော်နှင့် ပြည်သူအပေါ် အစဉ်ထာဝရ အလုပ်အကျွေးပြု ပေးဆပ်နေသည့် တပ်မတော်



စာမျက်နှာ » ၆



ဝါးခယ်မမြို့နယ် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြ လမ်းပေါ်ရှိ အရှည် ၇၈၇ ပေ ကျွန်းကုန်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

စာမျက်နှာ » ၈

ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကဏ္ဍများ၌ အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

စာမျက်နှာ » ၁၂

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၇ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၉၈ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂

# စည်းကမ်းကောင်းမွန်သည့် ဒီမိုကရေစီစနစ်ဖော်ဆောင်

တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးကဏ္ဍအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်၍ စည်းကမ်းလိုက်နာမှု၊ အမိန့်နာခံတတ်မှု၊ အထက်အောက် အပြန်အလှန်လေးစားမှုနှင့် ရဲဘော်ရဲဘက်စိတ်မွေးမြူပြီး တပ်မတော်သားကောင်း တစ်ယောက်ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ထားသော အဖွဲ့အစည်းဖြစ်သည်။ စည်းကမ်းအရာတွင် စံနမူနာပြဖြစ်အောင် ထိန်းသိမ်းလျက်ရှိသဖြင့် အစဉ်အလာ ကောင်းသောတပ်မတော်ဖြစ်သည်။

"အဖွဲ့အစည်းတစ်ခု ခိုင်ခိုင်မာမာနှင့် အဓွန့်ရှည်ကြာစွာ ရပ်တည်နိုင်ရန် အတွက် မှန်ကန်သည့်မူဝါဒ၊ တိကျခိုင်မာသည့်စည်းမျဉ်း၊ စည်းကမ်းလိုက်နာ စောင့်ထိန်းရမည့်ဥပဒေ၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ကြီးကြပ်ကွပ်ကဲမှုများနှင့် စနစ်တကျ ဖွဲ့စည်းလေ့ကျင့်မှုများ ရှိရမည်ဖြစ်ကြောင်း၊ စည်းကမ်းကောင်းမွန်သည့် အဖွဲ့အစည်းသည် ကြာရှည်တည်တံ့ခိုင်မြဲပြီး ရည်မှန်းချက်တာဝန်များကိုလည်း အောင်မြင်အောင် ဆောင်ရွက်နိုင်သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ တပ်မတော် အနေဖြင့်လည်း စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းက စည်းကမ်းနှင့် အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်သဖြင့် နိုင်ငံအတွက် အခိုင်မာဆုံး Institution ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၃) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုတွင်လည်းကောင်း စည်းကမ်းသည် အရေးအကြီးဆုံးလိုက်နာရမည့်အချက်များဖြစ်သည်။ စည်းကမ်း လိုက်နာပါက ထိုနိုင်ငံ၊ ထိုအဖွဲ့အစည်းတို့သည် တိုးတက်ကောင်းမွန်၊ သာယာဖွံ့ဖြိုး မှုများနှင့် ပြည့်စုံနေပေမည်။ သို့သော် လူအမျိုးမျိုး၊ စိတ်အထွေထွေ၊ ခံယူချက် အမျိုးမျိုးရှိကြသောကြောင့် ထိုနိုင်ငံ၊ ထိုလူ့အဖွဲ့အစည်းတွင် စည်းကမ်းမလိုက်နာ မှုများ ပေါ်ပေါက်လေ့ရှိရာ စည်းကမ်းလိုက်နာမှု ရှိလျှင်ရှိသလောက်၊ အားနည်းလျှင် အားနည်းသလောက် ကောင်းကျိုး၊ ဆိုးမွေများကို တွေ့ကြုံခံစားကြရပေသည်။

တပ်မတော်သည် နိုင်ငံတစ်ခုလုံးကို ကာကွယ်စောင့်ရှောက်ရသော အဖွဲ့အစည်းဖြစ်၍ ခိုင်မာတောင့်တင်းပြီး စနစ်တကျရှိသောအဖွဲ့အစည်းဖြစ်အောင် စည်းကမ်းကို အလေးထားလိုက်နာကျင့်သုံးလျက်ရှိသည်။ မြန်မာ့တပ်မတော် သည် အစဉ်အလာကောင်းသော စည်းကမ်း၊ အမိန့်၊ ဥပဒေတို့ကို အစဉ်အဆက် ထိန်းသိမ်းလိုက်နာကျင့်သုံးလျက်ရှိသည့် အဖွဲ့အစည်းဖြစ်သည်။ တပ်မတော် စတင်ဖွဲ့စည်းသန္ဓေတည်သည့်မှစ၍ ယနေ့ထက်တိုင်အောင် ကျစ်လျစ်ခိုင်မာ စည်းကမ်းကောင်းသောအဖွဲ့အစည်းအဖြစ် ရပ်တည်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသောနိုင်ငံဖြစ်သည်။ ဒီမို ကရေစီနိုင်ငံတွင် စည်းကမ်းလိုက်နာခြင်းနှင့် ဥပဒေကို တန်ဖိုးထားလေးစားခြင်း တို့သည် အခြေခံအကျဆုံးအချက်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလကို ငါးနှစ် နှစ်ကြိမ်ဖြတ်သန်းခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီ ဒုတိယငါးနှစ်သက်တမ်းနှင့်အဆုံးသတ်ကာလ၌ ဒီမိုကရေစီကျင့်ဝတ်များနှင့် စည်းကမ်းဥပဒေတို့ကို ဖောက်ဖျက်လာခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဒီမိုကရေစီ တတိယသက်တမ်းကာလကို လက်ဆုပ်လက်ကိုင်ရရှိနိုင်ရန် မဲမသမာမှုများ ပြုလုပ်ခဲ့ပြီး ဥပဒေကိုဖောက်ဖျက်ကာ အာဏာရရေးကြိုးပမ်းခဲ့သောကြောင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။

မြန်မာနိုင်ငံသည် ပြည်သူများ၏ဆန္ဒနှင့်အညီ ရွေးချယ်ထားသည့် ပါတီစုံဒီမို ကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့်အတွက် စည်းကမ်းဥပဒေကို လေးစားလိုက်နာသော တပ်မတော်အနေဖြင့်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်ရေး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်သည်။ တပ်မတော်သည် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်တွင် မည်သည့်နိုင်ငံရေးစနစ်၊ မည်သည့်အစိုးရ ဦးဆောင်သည် ဖြစ်စေ တပ်မတော်အနေဖြင့် တစ်မျိုးသားလုံးနှင့်သက်ဆိုင်သည့် အမျိုးသားရေး မူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်ထိန်းသိမ်းကာကွယ်သွားမည် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားသည့် နိုင်ငံတော်အချုပ်အခြာ အာဏာ မဆုံးရှုံးစေရေး၊ နိုင်ငံတော်၏အကျိုးစီးပွားနှင့် နိုင်ငံသူ နိုင်ငံသားများအား ကာကွယ်စောင့်ရှောက်ပေးရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည်။

သို့ဖြစ်ရာ အစဉ်အလာအားဖြင့် စည်းကမ်းကောင်းမွန်သော၊ ဥပဒေကို လေးစားလိုက်နာသော တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွား ကိုရှေးရှုပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာရေးကို အမျိုးသားရေးတာဝန်အဖြစ် ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း။ ။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသား နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာ ဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလ ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည် ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## (၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၇၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီ ကွင်းမှ စစ်ရေးပြကွင်းသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် တယ်လီဖုန်းဖြင့် ကြိုတင်စာရင်းပေးသွင်းထားနိုင်ပြီး မတ်လ(၂၄)၊ (၂၅)ရက်နေ့များတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင် (လူကိုယ်တိုင်) လာရောက်ထုတ်ယူ ကာ ဝင်ရောက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။ အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်း ကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

**နေပြည်တော် မတ် ၂၀**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း၊ အရာထမ်း၊ အမှုထမ်းမိသားစု များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီး ကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက် လျက်ရှိသည်။



**ဆက်ကပ်လှူဒါန်း**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့ တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရတနာပုံပရိယတ္တိ စာသင်တိုက်သို့လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီး ကလေးမြို့နယ်ရှိ မဟာ သန္တာရုံကျောင်းတိုက်သို့ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရှိ ဆင်မယဉ်သာကျောင်းတိုက်သို့ လည်း ကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူ မြို့နယ်ရှိ မဟာဝိသုတာရာမစာသင်တိုက် သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ဝိဘဇ္ဇဝါဒီ စာသင်တိုက်သို့လည်းကောင်း၊ ရှမ်း ပြည်နယ် တောင်ကြီးမြို့နယ်ရှိ အောင်မြေ ဘုံစံစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ မြို့နယ်ရှိ ပညာဇေယျာကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော် များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၃၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မိုင်းမောတပ်နယ်မှ အရာရှိ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# အခက်အခဲအကျပ်အတည်းမျိုးစုံကို ပြည်သူလူထု၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များ၏ စုပေါင်းအင်အားဖြင့် အောင်မြင်စွာ ဖြတ်ကျော်ခဲ့ ဆက်လက်၍လည်း စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အောင်မြင်စွာ ဖြတ်ကျော်သွားမည်

❒ ရှေ့ဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ် ချမှတ်၍ နိုင်ငံတော်၏ အကျိုးစီးပွားကို ဖော်ဆောင်ကြိုးပမ်းလျက်ရှိကြောင်း၊ တပ်မတော်သည် နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၍ တပ်မတော်သားများအနေဖြင့် နိုင်ငံ့အရေးအရာနှင့်ပတ်သက်၍ ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံကို ပျက်စီးစေလိုသော နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်သူများအနေဖြင့် အလုံးစုံပျက်စီးရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပြီး အစိုးရယန္တရားရပ်တန့်စေရန် နိုင်ငံ့ဝန်ထမ်းများကို နည်းမျိုးစုံဖြင့် မြှူဆွယ်ခြင်း၊ ခြိမ်းခြောက်ခြင်းတို့ဖြင့် CDM ပြုလုပ်စေကြောင်း၊ နိုင်ငံ့အပေါ် သစ္စာမဲ့စွာဖြင့် ဝန်ထမ်းအချို့ CDM ပြုလုပ်ခဲ့မှုကြောင့် လစ်လပ်ခဲ့ရသည့် ကျန်းမာရေး၊ ပို့ဆောင်ရေး အပါအဝင် လိုအပ်သည့် နေရာစုံကဏ္ဍစုံများတွင် တိုင်းရင်းသားပြည်သူများ အဆင်ပြေစေရန် တပ်မတော်သားပညာရှင်များ အပါအဝင် သစ္စာရှိကြသည့် နိုင်ငံ့ဝန်ထမ်းများဖြင့် ဝင်ရောက်ဖြည့်ဆည်းဆောင်ရွက်ခဲ့ရကြောင်း၊ ကိုဗစ် - ၁၉ တတိယလှိုင်း ကူးစက်မြန် Delta မျိုးကွဲ ပြင်းထန်စွာ ကူးစက်သည့်ကာလအတွင်း အခက်အခဲအကျပ်အတည်းမျိုးစုံကို ပြည်သူလူထု၊ သစ္စာရှိ နိုင်ငံ့ဝန်ထမ်းများ၊ လုံခြုံရေးအဖွဲ့များ၏ စုပေါင်းအင်အားဖြင့် အောင်မြင်စွာ ဖြတ်ကျော်ခဲ့ကြောင်း၊ ဆက်လက်၍လည်း စည်းလုံးညီညွတ်မှုဖြင့် အခက်အခဲများနှင့် စိန်ခေါ်မှုများကို အောင်မြင်စွာ ဖြတ်ကျော်သွားမည်ဖြစ်ကြောင်း။

### အကြမ်းဖက်လုပ်ရပ်များ ပြုလုပ်လာ

ထို့ပြင် ဆူပူဆန္ဒပြခြင်း၊ CDM ပြုလုပ်စေခြင်းတို့ဖြင့် အောင်မြင်မှုမရသဖြင့် လက်နက်ဖြင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်လာခဲ့ကြောင်း၊ နောက်ဆုံးအဆင့်အဖြစ် တပ်မတော်ကို ဖြိုခွဲရန် ဦးတည်ကြိုးပမ်းလာခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ခံမှုမရှိသည့် လူမှုကွန်ရက်များကို အသုံးချ၍ သတင်းတု၊ သတင်းမှားများ ဖန်တီးထုတ်လွှင့်ခြင်းများ ပြုလုပ်လာကြောင်း၊ သို့ရာတွင် တပ်မတော်အနေဖြင့် ရေပက်မဝင်သည့် ကျစ်လျစ်ခိုင်မာသော စည်းလုံးမှုဖြင့် ရပ်တည်လျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် တပ်မတော်ပြိုကွဲရေးကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်နေမည် ဖြစ်သဖြင့် တပ်မတော်သားများနှင့် မိသားစုဝင်များအနေဖြင့် ရှိပြီးသော စိတ်ဓာတ်ခိုင်မာသည့် စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရမည်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်ရန် အထက်အောက် အပြန်အလှန်လေးစားမှု၊ အုပ်ချုပ်ရေးညီညွတ်မျှတမှုရှိရန် လိုအပ်ပြီး စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ရန်လိုကြောင်း၊ အလားတူ အမိန့်နာခံတတ်မှုနှင့် စစ်သည်တော်တိုင်း ကျင့်ကြံလိုက်နာရမည့် ကျင့်ဝတ် အပါး ၆၀ တို့ကိုလည်း စောင့်ထိန်းလိုက်နာရန်လိုကြောင်း၊ တပ်မတော်သားများ နိုင်ငံ့တာဝန်ကို စိတ်လက်ချမ်းသာစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ပါရမီဖြည့်ဖက်များဖြစ်သည့် ဇနီး၊ ရဲမေများ၏ အခန်းကဏ္ဍသည်လည်းအရေးကြီးကြောင်း၊ တပ်မတော်သားနှင့် မိသားစုဝင်များ၏ ဘဝလုံခြုံမှုရှိရေးအတွက် တပ်မှူးများသည် အမြဲတမ်း တွေးခေါ်ကြံဆဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တပ်မတော်သားနှင့် မိသားစုဝင်များ၏ စားရေး၊ ဝတ်ရေး၊ နေထိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ သွားလာရေးများကို ပေးအပ်ထားသည့် အခွင့်အာဏာ၊ လုပ်ပိုင်ခွင့်အတွင်းမှ စေတနာတရား၊ ကိုယ်ချင်းစာတရားများဖြင့် အကောင်းဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ လစာ၊ ရိက္ခာမှအစ တစ်ဦးချင်း၏ ရပိုင်ခွင့်များကို အချိန်မီနှင့် ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံ့တာဝန်များကို စိတ်လက်ချမ်းသာစွာဖြင့် နောက်ဆံမတင်းဘဲ ကျေပွန်စွာ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ တာဝန်ကျေပွန်စွာ ထမ်းဆောင်နိုင်ရန်အတွက် ကိုယ်ရောစိတ်ပါ ကျန်းမာရေးကောင်းမွန်နေရန်လိုကြောင်း၊ ကျန်းမာရေးကောင်းမွန်စေရန် နေထိုင်စားသောက်မှုပုံစံအား ကျန်းမာရေးနှင့် ညီညွတ်သည့် ဘဝနေထိုင်မှုပုံစံနှင့် နေထိုင်နိုင်ရေး ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ပေးသွားရန်လိုကြောင်း ပြောကြားသည်။

> ❍ ဆူပူဆန္ဒပြခြင်း၊ CDM ပြုလုပ်စေခြင်းတို့ဖြင့် အောင်မြင်မှုမရသဖြင့် လက်နက်ဖြင့် အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းပစ်ခတ်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို ပြုလုပ်လာခဲ့ကြောင်း၊ နောက်ဆုံးအဆင့်အဖြစ် တပ်မတော်ကိုဖြိုခွဲရန် ဦးတည်ကြိုးပမ်းလာခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် တာဝန်ခံမှုမရှိသည့် လူမှုကွန်ရက်များကို အသုံးချ၍ သတင်းတု၊ သတင်းမှားများ ဖန်တီးထုတ်လွှင့်ခြင်းများ ပြုလုပ်လာကြောင်း၊ သို့ရာတွင် တပ်မတော်အနေဖြင့် ရေပက်မဝင်သည့် ကျစ်လျစ်ခိုင်မာသော စည်းလုံးမှုဖြင့် ရပ်တည်လျက်ရှိ

ယင်းနောက် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ တင်ပြချက်များကို တစ်ဦးချင်းမေးမြန်း၍ လိုအပ်သည်များကို ချက်ချင်းညှိနှိုင်း ဖြေရှင်းပေးသည်။

### ချီးမြှင့်ငွေများ ပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က မိုင်းမောတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ဇော်အေးက အားကစားပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်က တပ်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အသိပေးကြေညာချက်

ပြည်တွင်း၊ ပြည်ပကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် ရွှေနှင့် ငွေကြေးဈေးကွက် တည်ငြိမ်မှုသည် များစွာအရေးပါသည့်အတွက် ပြည်တွင်းရွှေနှင့် ငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ဆောင်ရွက်နိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရွှေနှင့်ငွေကြေးဈေးကွက်စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။ လုပ်ငန်းကော်မတီသည် ပြည်တွင်းငွေကြေးဈေးနှုန်းများ တည်ငြိမ်မှုရှိအောင် ထိန်းကျောင်းကြပ်မတ်ရာတွင် အထောက်အကူဖြစ်စေရန် တိုင်ကြားစာစိစစ်ရေးအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်၍ ငွေကြေးဈေးကွက်တည်ငြိမ်မှုကို ထိခိုက်စေနိုင်သော ဆောင်ရွက်မှုများဖြစ်သည့် နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများ၊ အိမ်ခြံမြေနှင့် မော်တော်ယာဉ်ကဲ့သို့ အခြေပစ္စည်းများအား ရောင်းဝယ်ပြီး ပိုင်ဆိုင်မှုလွှဲပြောင်းရာတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ငွေပေးချေမှုကန့်သတ်ချက်များအတိုင်း လိုက်နာမှုမရှိသူများ၊ ဘဏ်များတွင်အပ်နှံထားသည့် ငွေသားထုတ်ယူရာ၌ ရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ ဘဏ်ပြင်ပတွင် ငွေသား လက်ဝယ်ထိန်းသိမ်းထားသူများက ဘဏ်အကောင့်တွင် အပ်နှံထားသည့် ကျပ်ငွေများကို ရာခိုင်နှုန်းယူ၍ ငွေသားဖြင့်လဲလှယ်ထုတ်ပေးခြင်းတွင် ပါဝင်ပတ်သက်သူများကို သိရှိပါက **ရွှေနှင့် ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**၏ တိုင်ကြားစာစိစစ်ရေးအဖွဲ့ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၀၉၄၆၃၊ လက်ကိုင်ဖုန်းနံပါတ် ၀၉-၄၃၀၀၆၈၃၃ နှင့် Email လိပ်စာ gmm.complaint@cbm.gov.mm သို့ လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရွှေနှင့် ငွေကြေးဈေးကွက်စောင့်ကြည့်**
**ထိန်းသိမ်း၊ ကြပ်မတ်ရေးလုပ်ငန်းကော်မတီ**

# တပ်မတော်သားများနှင့် မိသားစုဝင်များသာမက တိုင်းရင်းသားပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိပြီးဖြစ်၍ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ဇော်အေး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နီလင်းအောင်တို့ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့ရှိတပ်မတော် ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူ လျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစု များနှင့် ပြည်သူများကို သွားရောက် ကြည့်ရှုအားပေးစကား ပြောကြားပြီး ဆေးရုံရှိ ပါရဂူ၊ ဆေးမှူးနှင့် သူနာပြု များကို သီးခြားစီတွေ့ဆုံအမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အောင်ပန်းမြို့ တပ်မတော်ဆေးရုံခန်းမ၌ ပါရဂူ၊ ဆေးမှူးနှင့် သူနာပြုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များအား ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါအခြေ အနေများ မေးမြန်းအားပေးစကား ပြောကြားကာ စားသောက်ဖွယ်ရာများ နှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံခန်းမအတွင်း၌ ပါရဂူ၊ ဆေးမှူး များနှင့် သူနာပြုများကို သီးခြားစီတွေ့ဆုံ၍ လုပ်ငန်းတာဝန် ထမ်းဆောင်ရာတွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများ ရှိသည်ဖြစ်သော်လည်း တပ်မတော်သားများဖြစ်၍ တူညီသော ဦးတည်ချက်များဖြင့် နိုင်ငံ့အရေးကို ထမ်းဆောင်နေမှုများ၊ တပ်မတော်သား များဖြစ်သည်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ အမိန့်နာခံမှုတို့ဖြင့် မိမိတို့ တတ်ကျွမ်းသည့်ဆေးပညာဖြင့် အကျိုး ပြုနေမှုများ၊ သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်း များတွင် တပ်မတော်သည် ၂၄ နာရီ အသင့်ရှိနေသည့် အခြေအနေများ၊ အထက်မှပေးအပ်သည့်တာဝန်ကို နေရာ ဒေသမရွေး၊ အချိန်အခါမရွေး တိုင်းရင်းသား ဒေသခံပြည်သူများအပေါ် ဆေးကုသမှု ပေးနေသည့် အခြေအနေများ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း အရေးပေါ်ကာလအတွင်း ကျန်းမာရေး ဝန်ထမ်းအချို့ CDM ပြုလုပ်မှုကြောင့် ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု အတွက် အခက်အခဲဖြစ်ပေါ်နေချိန်၌ တပ်မတော်သား ဆရာဝန်၊ သူနာပြုများ က ပူးပေါင်းပါဝင်ကာ စောင့်ရှောက်ကုသ ပေးခဲ့ရမှုများ၊ ကိုဗစ်-၁၉ တတိယလှိုင်း ကာလတွင် အရေးကြီးသည့် အခန်း ကဏ္ဍမှ ကိုယ်စွမ်း၊ ဉာဏ်စွမ်းဖြင့် ပူးပေါင်း ဆောင်ရွက်ခဲ့သည့်အပြင် ကာကွယ်ဆေး ထိုးနှံမှုများတွင်လည်း အားဖြည့် ဆောင်ရွက်ခဲ့မှုများ၊ တပ်မတော်သားများ နှင့်

စာမျက်နှာ ၅ သို့ ✳



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ နှလုံးသွေးကြောရောဂါစမ်းသပ်ကုသစက်(Angiogram)အား ကြည့်ရှုစစ်ဆေးစဉ်။

☆ **တပ်မတော်သားများဖြစ်သည်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်း၊ အမိန့်နာခံမှုတို့ဖြင့် မိမိတို့တတ်ကျွမ်းသည့် ဆေးပညာဖြင့် အကျိုးပြုနေ**

☆ **၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့နောက်ပိုင်း အရေးပေါ်ကာလအတွင်း ကျန်းမာရေးဝန်ထမ်းအချို့ CDM ပြုလုပ်မှုကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် အခက်အခဲဖြစ်ပေါ်နေချိန်၌ တပ်မတော်သား ဆရာဝန်၊ သူနာပြုများက ပူးပေါင်းပါဝင်ကာ စောင့်ရှောက်ကုသပေးခဲ့**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ် မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ တွင် တက်ရောက်ဆေးကုသမှုခံယူနေ သူများကို ကြည့်ရှုအားပေးစဉ်။

✳ စာမျက်နှာ ၄ မှ
မိသားစုဝင်များသာမက တိုင်းရင်းသားပြည်သူများ၏ ယုံကြည်ကိုးစားမှုကို ရရှိပြီးဖြစ်၍ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်သည့် အခြေအနေများ၊ ကျန်းမာရေးဆောင်ရွက်မှုလုပ်ငန်းအပြင် တပ်မတော်သားများဖြစ်၍ အဖွဲ့အစည်းအနေဖြင့်လည်းကောင်း၊ အထက်အောက် ဆက်ဆံရေး Chain of Command အနေဖြင့်လည်းကောင်း၊ အဆင့်လိုက် တာဝန်ရှိသူများကလည်း မိမိလက်အောက် အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များ၏ဦး၊ရေး၊ထောက်ဆိုင်ရာ အုပ်ချုပ်မှုကိစ္စရပ်များကိုလည်း အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နှလုံးသွေးကြောစမ်းသပ်ကုသခန်းနှင့် နှလုံးအထူးကြပ်မတ်ကုသဆောင်တို့သို့သွားရောက်၍ နှလုံးသွေးကြောရောဂါ စမ်းသပ်ကုသစက် (Angiogram)အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ဇနီး ဒေါ်သန်းသန်းနွယ်နှင့် အဖွဲ့ဝင်များသည် သားဖွားနှင့် မီးယပ်ဆောင်သို့ သွားရောက်၍ ကိုယ်ဝန်ဆောင်အမျိုးသမီးများကို တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင်တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ ဆေးရုံတပ်မှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ဒုတိယဆုရ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကို ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပထမဆုရမွန်ပြည်နယ်ပညာရေးမှူးရုံးကို ဆုပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးနှင့် မန်းငြိမ်းမောင်တို့ (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်

**မော်လမြိုင် မတ် ၂၀**

(၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ ညနေ ၆ နာရီက မော်လမြိုင်မြို့ ပြည်နယ်ခန်းမတွင် ကျင်းပသည်။

ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးနှင့် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်သည်။

## ပေးအပ်ချီးမြှင့်

ရှေးဦးစွာ (၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ် ပြခန်းဆုများချီးမြှင့်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက တတိယဆုရ မွန်ပြည်နယ် မီးသတ်ဦးစီးဌာနကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ဒုတိယဆုရ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ပထမဆုရ မွန်ပြည်နယ် ပညာရေးမှူးရုံးကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ဧည့်ပရိသတ်များက မွန်တစ်ပင်တိုင်အကနှင့် မွန်ဟသ်ာယိမ်းအကတို့ဖြင့် ဖျော်ဖြေခြင်း၊ မွန်တိုင်းရင်းသားရိုးရာဝတ်စုံများ ပြသခြင်းနှင့် တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေခြင်းတို့ကို ကြည့်ရှုအားပေးသည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် မွန်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေထွဋ်ဦးနှင့်အတူ မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအုပ်စု ဝဲကလိ- အိုင်ရှည်လမ်း သုံးမိုင်အနက် ၁ မိုင် ၃ ဖာလုံ အပြီးသတ် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများကို လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရန် လိုအပ်သောနေရာများတွင် အလင်းဖွင့်ခြင်းများဆောင်ရွက်ရန်နှင့် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့ပြီး လမ်းဖောက်လုပ်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



အဆိုပါလမ်းပိုင်းသည် ဝဲကလိကျေးရွာနှင့် အိုင်ရှည်ကျေးရွာရှိ အိမ်ထောင်စု ၄၆၈ စု၊ လူဦးရေ ၁၇၇၁ ဦးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အဆိုပါလမ်းပိုင်းပေါ်ရှိ အိုင်ရှည်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သို့ ရောက်ရှိခဲ့ပြီး ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ကျောင်း၏လိုအပ်ချက်များကို မေးမြန်း၍ စာသင်ဆောင်၊ ကွန်ပျူတာ၊ ဆိုလာမီးနှင့် ဆက်စပ်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မုဒုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိခဲ့ပြီး သင်တန်းသူများ၏ လေ့ကျင့်သင်ကြား ချုပ်လုပ်ထားရှိသည့် အဝတ်အထည်များနှင့် လူအသုံးအဆောင်ပစ္စည်းများ၊ သင်တန်းခန်းမများတွင် သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မတ် ၁၉ ရက် ညနေပိုင်းတွင် မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိခဲ့ပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်နယ်တာဝန်ခံအရာရှိက သင်တန်းကျောင်းများဆိုင်ရာ အချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ ထို့နောက် ဝန်ထမ်းများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသေးစိတ် ရှင်းလင်းမှာကြားခဲ့ပြီး ဝန်ထမ်းအိမ်ရာများနှင့် ယာဉ်ယန္တရားများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင်လည်း ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ဝန်ထမ်းအိမ်ရာများအား သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

(၇၇)နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

# နိုင်ငံတော်နှင့် ပြည်သူအပေါ် အစဉ်ထာဝရ အလုပ်အကျွေးပြု ပေးဆပ်နေသည့် တပ်မတော်



၂၀၂၁ ခုနှစ် (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပစဉ်။

**အညတြ**

နိုင်ငံတိုင်းတွင် တစ်ခုတည်းသော တပ်မတော်တစ်ရပ်ရှိသည်။ တပ်မတော်တိုင်းသည် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ တပ်မတော်၏ အဓိက တာဝန်မှာ ကာကွယ်ရေးတာဝန်ဖြစ်သည်။ တိုင်းပြည်တစ်ပြည်၌ လူမျိုး၊ နယ်ပယ်၊ အစိုးရ၊ အချုပ်အခြာအာဏာဟူသည့် အင်္ဂါရပ်လေးခုရှိရာ ထိုအင်္ဂါရပ်လေးခုကို ထိပါးလာသည့် အန္တရာယ်ဟူသမျှအား တပ်မတော်သည် ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်။

နိုင်ငံတော်အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်ဆိုသည်မှာ စစ်ရေးသက်သက်သာ မဟုတ်ပေ။ နိုင်ငံရေးအပိုင်းမှသော်လည်းကောင်း၊ စီးပွားရေးအပိုင်းမှသော်လည်းကောင်း အဘက်ဘက်မှ ကျရောက်လာနိုင်ပါသည်။ အထူးသဖြင့် နိုင်ငံတစ်နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် လူမျိုး၊ နယ်ပယ်၊ အစိုးရနှင့် အချုပ်အခြာအာဏာဟူသည့် အင်္ဂါရပ်ကြီး တစ်ခုစီ တစ်ခုစီ လျော့နည်း၊ ယိုယွင်း၊ ပျက်စီးထိပါးခြင်း ခံရပါက နိုင်ငံတွင် အလွန်ကြီးမားသော အန္တရာယ်ကျရောက်လာနိုင်ပါသည်။ ထိုအန္တရာယ်များ ထိပါးခြင်းမခံရစေရန် အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ကာကွယ်စောင့်ရှောက်ရပါသည်။

> **အနောက်နိုင်ငံကြီးအချို့နှင့် ပြည်တွင်းအကြမ်းဖက်အဖွဲ့များ ပူးပေါင်း၍ တည်ဆဲအစိုးရအား ပြုတ်ကျစေရန် နိုင်ငံရေး၊ စီးပွားရေး ပိတ်ဆို့သည့်နည်းလမ်းများအပါအဝင် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ပြီး ဆူပူအကြမ်းဖက်သောင်းကျန်းမှုများ၊ အစိုးရယန္တရားရပ်တန့်စေရန် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှု ပြုလုပ်စေခြင်းများ၊ ဘဏ်စနစ်ပြိုလဲ၍ ငွေကြေးကမောက်ကမဖြစ်စေရန် ဖန်တီးမှုများ၊ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုရပ်တန့်ပြတ်တောက်စေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်မှုများပြုလုပ်ခဲ့**

### စွက်ဖက်သိမ်းပိုက်ရန်ကြံစည်

တပ်မတော်သားတိုင်းသည် ပါတီနိုင်ငံရေး၊ ပုဂ္ဂိုလ်နိုင်ငံရေးတို့တွင် စွက်ဖက်မည်မဟုတ်သော်လည်း နိုင်ငံတော်၏ အမျိုးသားရေးတာဝန်ကိုမူ မျက်ခြည်မပြတ်စောင့်ကြည့်နေရမည်ဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံရေးသမိုင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတို့ကို လေ့လာကြည့်လျှင် တိုင်းပြည်တစ်ပြည်အား တိုက်ရိုက်နည်းဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ စွက်ဖက်သိမ်းပိုက်နိုင်ရန်အတွက် သာသနာပြုဆိုင်ရာ (Missionary)၊ ကုန်သည်ဆိုင်ရာ (Merchant)၊ စစ်ရေးဆိုင်ရာ (Military) ဟူသည့် (MMM) နည်းလမ်းသုံးသွယ်ဖြင့် ကြံစည်ကြိုးပမ်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

အတိတ်ကာလက နယ်ချဲ့နည်းပရိယာယ်များကို လေ့လာကြည့်လျှင် သင်ခန်းစာယူစရာများ တွေ့နိုင်ပါသည်။ ထို့ကြောင့် တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ရန်အတွက် ပြည်တွင်း/ပြည်ပ ရန်စွယ်အန္တရာယ်တို့သာမက စီးပွားရေးဆိုင်ရာ၊ အမျိုးဘာသာသာသနာဆိုင်ရာ ကျရောက်လာမည့် အန္တရာယ်အသွယ်သွယ်တို့ကိုလည်း ကာကွယ်စောင့်ရှောက်နေခြင်း ဖြစ်ပါသည်။ မျက်မှောက်ကာလ အခြေအနေများကို ကြည့်မည်ဆိုလျှင် နိုင်ငံတော်၏အရေးပါသော အင်္ဂါရပ်ကြီးလေးခုကို တစ်မျိုးမျိုး၊ တစ်နည်းနည်းဖြင့် ထိပါးနှောင့်ယှက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

### ထိန်းသိမ်းကာကွယ်ပေး

အနောက်နိုင်ငံကြီးအချို့နှင့် ပြည်တွင်းအကြမ်းဖက်အဖွဲ့များ ပူးပေါင်း၍ တည်ဆဲအစိုးရအား ပြုတ်ကျစေရန် နိုင်ငံရေး၊ စီးပွားရေး ပိတ်ဆို့သည့်နည်းလမ်းများအပါအဝင် နည်းလမ်းမျိုးစုံဖြင့် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ပြီး ဆူပူအကြမ်းဖက်သောင်းကျန်းမှုများ၊ အစိုးရယန္တရားရပ်တန့်စေရန် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှု ပြုလုပ်စေခြင်းများ၊ ဘဏ်စနစ်ပြိုလဲ၍ ငွေကြေးကမောက်ကမဖြစ်စေရန် ဖန်တီးမှုများ၊ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှုရပ်တန့်ပြတ်တောက်စေရန် နည်းမျိုးစုံဖြင့် လုပ်ဆောင်မှုများပြုလုပ်ခဲ့သည်။ ဆူပူဆန္ဒပြမှုမှ ဆူပူအကြမ်းဖက်မှုများ၊ ဆူပူအကြမ်းဖက်မှုမှ လက်နက်ကိုင်သောင်းကျန်းမှုအထိ တိုင်းပြည်အလုံးစုံပျက်သုဉ်းရေးသို့ ဦးတည်လုပ်ကိုင်လာခဲ့သည်။ ယင်းလုပ်ရပ်များသည် နိုင်ငံတော်အပေါ် ကြီးမားစွာကျရောက်လာနိုင်သည့်အန္တရာယ်များဖြစ်၍ တပ်မတော်သည် ထိန်းသိမ်းကာကွယ်ပေးလျက်ရှိသည်။

တစ်ဖက်တွင်လည်း တပ်မတော်ပြိုကွဲစေရန် နည်းလမ်းမျိုးစုံ အသုံးပြုလုပ်ကြံလာသည်ကိုတွေ့ရသည်။ တပ်မတော်တွင် ဥပဒေဖောက်ဖျက်ကျူးလွန်ပြီး အရေးယူခံရမည်ကိုကြောက်ရွံ့၍ စစ်ပြေးအမှုကျူးလွန်သော အရာရှိ၊ စစ်သည်အချို့ကို မီဒီယာနည်းလမ်းကိုသုံး၍ ဒီမိုကရေစီသူရဲကောင်းဟု မြှောက်ပင့်ပေးပြီး တပ်မတော်၏ စည်းလုံးညီညွတ်မှုကို ချိုးဖျက်နေမှုများအား တွေ့ရမည်ဖြစ်သည်။ စစ်ဆင်ရေးရှုံးနိမ့်နေပြီ၊ တပ်မတော်သားများ ကျဆုံး၊ ဖမ်းဆီးရမိနေပြီ စသည်ဖြင့် တပ်မတော်ကို အင်အားချည့်နဲ့စေရန် ဦးတည်ဖန်တီးလုပ်ဆောင်နေသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ ထို့အပြင် နယ်မြေအလိုက် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ကာကွယ်စောင့်ရှောက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်၍ စစ်ရေးအရခြိမ်းခြောက်ရန် ကြိုးစားလာသည်။

### ကြီးမားသောအန္တရာယ်များ

အမျိုးသားသစ္စာဖောက်များနှင့် အကြမ်းဖက်သောင်းကျန်းသူများသည် လူမျိုး၏ စည်းလုံးညီညွတ်မှုကို ထိပါးခြင်း၊ ယိုယွင်းပျက်စီးစေခြင်း၊ လူမျိုး၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးခြင်း၊ ယိုယွင်းပျက်စီးစေခြင်းအမှုများကို ကျူးလွန်နေကြသည်။ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF တို့သည် နိုင်ငံတော်အစိုးရ၏အာဏာကို ထိပါးခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုကိစ္စများ မထိရောက်စေရန် နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတို့ ပြုလုပ်ခြင်းနှင့် နိုင်ငံ့ဝန်ထမ်းများ CDM ပြုလုပ်ကာ ဆန့်ကျင်ခြင်း၊ အစိုးရအပေါ် ပြည်သူလူထုယုံကြည်မှုပျက်ပြားစေရန် မတရားယိုးစွပ်ခြင်း၊ ပြောဆိုခြင်း၊ ရေးသားခြင်း၊ ပုန်ကန်ခြင်း၊ ဆူပူသောင်းကျန်းခြင်း၊ သောင်းကျန်းသူအဖျက်သမားကို အားပေးခြင်း၊ နိုင်ငံတော်မှထုတ်ပြန်ထားသောဥပဒေများကို ဖောက်ဖျက်စေခြင်း၊ မလိုက်နာစေခြင်း၊ အစိုးရအား နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသောအန္တရာယ်များဖြစ်သည်။

> **အမျိုးသားသစ္စာဖောက်များနှင့် အကြမ်းဖက်သောင်းကျန်းသူများသည် လူမျိုး၏ စည်းလုံးညီညွတ်မှုကို ထိပါးခြင်း၊ ယိုယွင်းပျက်စီးစေခြင်း၊ လူမျိုး၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးခြင်း၊ ယိုယွင်းပျက်စီးစေခြင်းအမှုများကို ကျူးလွန်နေကြ။**
>
> **အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသော CRPH၊ NUG နှင့် PDF တို့သည် နိုင်ငံတော်အစိုးရ၏အာဏာကို ထိပါးခြင်း၊ အစိုးရ၏ အုပ်ချုပ်မှုကိစ္စများ မထိရောက်စေရန် နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခြိမ်းခြောက်ခြင်းတို့သည် နိုင်ငံတော်အတွက် ကြီးမားသော အန္တရာယ်များဖြစ်**

ပြည်တွင်းမှ အကြမ်းဖက်သမား၊ အမျိုးသားသစ္စာဖောက်များက ဤသို့ပြုလုပ်နေချိန်တွင် နယ်ချဲ့လက်သစ်၊ လက်ဝေခံ ပြည်ပနိုင်ငံအချို့ အထူးသဖြင့် အနောက်နိုင်ငံကြီးအချို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ အကြမ်းဖက်အဖျက်သမားများအား အားပေးခြင်း၊ ထောက်ပံ့ခြင်း၊

စာမျက်နှာ ၇ သို့ ✻

✻ စာမျက်နှာ ၆ မှ

ကူညီခြင်းတို့သာမက နိုင်ငံတကာဆက်ဆံရေး၊ အခွင့်အရေးများကို နည်းအမျိုးမျိုးဖြင့် ပိတ်ပင်ဟန့်တားခြင်း၊ လျှော့နည်းဆုံးရှုံးစေခြင်း တို့အား ပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ယင်းလုပ်ရပ်များသည် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက်နေခြင်းဖြစ်ပါသည်။

**ကျစ်လျစ်ခိုင်မာစွာရပ်တည်**

မည်သို့ပင် အကျပ်ကိုင်ဖိအားပေးနေသော်လည်း နိုင်ငံတကာဆက်ဆံရေးတွင် ဒို့တာဝန်အရေးသုံးပါးကို အခိုင်အမာဆုပ်ကိုင်၍ နိုင်ငံ၏အချုပ်အခြာအာဏာကို အထိပါးမခံဘဲ ဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်၍ တက်ကြွသော ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးကို ရှေးရှုသည့်မူဝါဒ၊ ကမ္ဘာ့နိုင်ငံများအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒဖြင့် ရပ်တည်ဆောင်ရွက်လျက်ရှိပါသည်။ အကြမ်းဖက်သမားများနှင့် အမျိုးသားသစ္စာဖောက်များက မည်သို့ပင် သွေးခွဲမှုများရှိစေကာမူ တပ်မတော်၏ စည်းလုံးညီညွတ်မှုမှာ ခိုင်မြဲလျက်ရှိပြီး “ဘယ်သူခွဲခွဲ ဒို့မကွဲ အမြဲစည်းလုံးမည်” ဟူသော ဆောင်ပုဒ်နှင့်အညီ ကျစ်လျစ်ခိုင်မာစွာ ရပ်တည်လျက်ရှိပါသည်။

တပ်မတော်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် နောက်ဆုံးအချက်ပါအတိုင်း အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက

**ငြိမ်းချမ်းရေးတံခါးအမြဲဖွင့်**

တပ်မတော်သည် တိုင်းရင်းသားပြည်သူများ၏အကျိုးကို အစဉ်အမြဲဦးထိပ်ထားခဲ့သည်ချည်းဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးကို ထိပါးလာသော၊ နယ်မြေအေးချမ်းသာယာရေးကို နှောင့်ယှက်လာသူများကို တိုက်ခိုက်ခြင်းသည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင် စသည့် တိုင်းရင်းသားလူမျိုးများ တိုက်ခိုက်နေခြင်းမဟုတ်ပေ။ တိုင်းပြည်ငြိမ်းချမ်းရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးမှုများကို ကာကွယ်နေခြင်းသာဖြစ်သည်။ တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ရံဖန်ရံခါထိတွေ့မှုအချို့ ရှိနေသော်လည်း အကြမ်းဖက်သမားများမှအပ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ညီအစ်ကိုမောင်နှမအရင်းကဲ့သို့ သဘောထားပြီး ငြိမ်းချမ်းရေးမေတ္တာတံခါးကို အမြဲဖွင့်လှစ်ပေးထားသည်။

ယခုအခါ ပြည်တွင်း/ပြည်ပ မသမာသူ အမျိုးသားသစ္စာဖောက်များက တပ်မတော်ကို အမျိုးမျိုးအဖုံဖုံသွေးခွဲရန် ကြံစည်လုပ်ဆောင်မှုများ တွေ့နေရသည်။ အမျိုးမျိုးသော ပုတ်ခတ်စွပ်စွဲမှုများ ပြုလုပ်လျက် သွေးကွဲအောင်ကြံဆောင်နေကြသည်။ တပ်မတော်၏ ခံယူချက်မှာ တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို အစဉ်အမြဲရှေးရှုပြီး ပင်မတာဝန်ကြီးများဖြစ်သော အရေးသုံးပါးကို ဦးထိပ်ထားလျက်ရှိသည်။ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးသောသူများဖြစ်ကြောင်း အလုပ်နှင့်သက်သေပြလျက်ရှိသည်။ အစဉ်အလာအရလည်း တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိခဲ့သည်။ တိုင်းရင်းသားပြည်သူ

> **❛ နိုင်ငံတိုင်းတွင် တစ်ခုတည်းသော တပ်မတော်တစ်ရပ်သာရှိသည်။ တိုင်းပြည်တစ်ခုလုံး၏ အင်္ဂါရပ်များဖြစ်သော လူမျိုး၊ နယ်ပယ်၊ အစိုးရနှင့် အချုပ်အခြာအာဏာကို အကာအကွယ်ပေးနိုင်သည်မှာ တစ်ခုတည်းသော တပ်မတော်သာဖြစ်သည်။ တပ်မတော်မရှိလျှင် တိုင်းပြည်ရှိနိုင်မည်မဟုတ်ပါ။ တပ်မတော်ရှိ၍ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်သည် တိုင်းပြည်တစ်ပြည်တွင် အရေးအကြီးဆုံး၊ အမွန်မြတ်ဆုံး အဖွဲ့အစည်းတစ်ခုဖြစ် ❜**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ အနိုင်ရပါတီအား အာဏာလွှဲပြောင်းပေးပြီးနောက် ဖော်ပြခဲ့သည့် အမျိုးသားရေးတာဝန်များနှင့် နိုင်ငံတော်အပေါ်ကျရောက်လာနိုင်သည့် အန္တရာယ်အသွယ်သွယ်တို့ကို ဆက်လက်ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါသည်။

**အစဉ်အမြဲသစ္စာစောင့်သိ**

တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပြည်သူလူထုအတွင်းမှပေါက်ဖွားလာသော တပ်မတော်ဖြစ်ပါသည်။ မြန်မာ့တပ်မတော်သမိုင်းတွင် လွတ်လပ်ရေးရလုဆဲဆဲကာလ၌ တပ်မတော်အတွင်းမှ အင်အားစုအချို့ကို ဗမာပြည်ကွန်မြူနစ်ပါတီနှင့် နယ်ချဲ့တို့က စည်းရုံးသိမ်းသွင်းဖယ်ထုတ်ခြင်းမှလွဲ၍ နိုင်ငံရေးအယူအဆကြောင့် တပ်မတော်အတွင်း ကွဲပြားခြင်းမရှိခဲ့ပေ။ တစည်းတလုံးတည်း အစဉ်ရှိနေသော အဖွဲ့အစည်းကိုပြပါဆိုလျှင် တပ်မတော်ကိုပင် ညွှန်းဆိုရမည်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူများအား အစဉ်အမြဲသစ္စာစောင့်သိခဲ့ပါသည်။

လွတ်လပ်ရေးရပြီးစ ရန်ကုန်မြို့ကို သောင်းကျန်းသူများက ဝိုင်းနေခဲ့ချိန်၊ နိုင်ငံ၏ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့ကို သောင်းကျန်းသူသုံးမျိုးက သိမ်းပိုက်ထားချိန်၊ အခြားမြို့များကိုလည်း သောင်းကျန်းသူမျိုးစုံက သိမ်းပိုက်ထားချိန် ထိုအခြေအနေဆိုးမှ ကျော်လွှားနိုင်အောင် တပ်မတော်သည် တွန်းလှန်တိုက်ခိုက်၍ သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့သည်။ လွတ်လပ်ရေးရရှိပြီးချိန်မှ ယနေ့ကာလအထိ နှစ်ပေါင်း ၇၀ ကျော်ကာလအတွင်း ခေတ်အဆက်ဆက် အစိုးရများနှင့် တိုင်းရင်းသားပြည်သူများအပေါ်တွင် အစဉ်အမြဲသစ္စာစောင့်သိခဲ့သည်။ တပ်မတော်သည် တိုင်းပြည်အပေါ် သစ္စာဖောက်သူ၊ နိုင်ငံတော်ကို ပုန်ကန်ခြားနားဆန့်ကျင်သူများမှလွဲ၍ တိုင်းရင်းသားပြည်သူများအား အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

အချင်းချင်း စိတ်ဝမ်းကွဲအောင်ပြုလုပ်ပြီး တပ်မတော်ကို အမုန်းပွားအောင်ပြုလုပ်သော်လည်း တပ်မတော်သည် တိုင်းရင်းသားပြည်သူများအပေါ် အမုန်းမဖက်ဘဲ မိသားစုအချင်းချင်းသဖွယ် အပြုံးဖက်၍ မေတ္တာမပျက်ဘဲ အကျိုးရွက်ဆောင်လျက်ရှိသည်။

**အစဉ်ထာဝရအလုပ်အကျွေးပြု**

နိုင်ငံတိုင်းတွင် တစ်ခုတည်းသော တပ်မတော်တစ်ရပ်သာရှိသည်။ တိုင်းပြည်တစ်ခုလုံး၏ အင်္ဂါရပ်များဖြစ်သော လူမျိုး၊ နယ်ပယ်၊ အစိုးရနှင့် အချုပ်အခြာအာဏာကို အကာအကွယ်ပေးနိုင်သည်မှာ တစ်ခုတည်းသော တပ်မတော်သာဖြစ်သည်။ တပ်မတော်မရှိလျှင် တိုင်းပြည်ရှိနိုင်မည်မဟုတ်ပါ။ တပ်မတော်ရှိ၍ ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲနေခြင်းဖြစ်ပါသည်။ ထို့ကြောင့် တပ်မတော်သည် တိုင်းပြည်တစ်ပြည်တွင် အရေးအကြီးဆုံး၊ အမွန်မြတ်ဆုံး အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ တိုင်းပြည်ကာကွယ်ရေး အင်အားစုကြီးသည် တစ်ခုတည်းနှင့် တစည်းတလုံးတည်းဖြစ်ရပါမည်။ ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ ရဲတပ်ဖွဲ့ စသည့် တပ်ဖွဲ့အမျိုးမျိုးရှိသော်လည်း အားလုံးသည် တစ်ခုတည်းသောတပ်မတော်၏ ကျစ်လျစ်ခိုင်မာသိပ်သည်းသော အဖွဲ့အစည်းတစ်ခုတည်းပင်ဖြစ်ပါသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးတို့အပေါ်တွင် သစ္စာစောင့်သိသော အဖွဲ့အစည်းဖြစ်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အောက်တွင် တစ်သွေး၊ တစ်သံ၊ တစ်မိန့်တည်း ရပ်တည်နေသည်။ မြန်မာ့တပ်မတော်သည် ဤသို့ဂုဏ်အင်္ဂါအရည်အချင်း၊ ဝိသေသလက္ခဏာများနှင့်ပြည့်စုံပြီး တိုင်းပြည်နှင့်လူမျိုးအပေါ် ထိပါးလာသောသူများအပေါ်တွင် နေလို၊ မီးလိုကျင့်သုံးပြီး တိုင်းရင်းသားမိဘညီအစ်ကိုမောင်နှမများအပေါ်တွင် ရေလို၊ ပန်းလိုကျင့်သုံးလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် အစဉ်ထာဝရအလုပ်အကျွေးပြု၍ အသက်သွေးချွေး မနှေးပေးဆပ်နေမည်ဖြစ်ပါသတည်း။ ။

■

## တပ်မတော်ဂုဏ်ရည် ထုံပျံ့ကြည်

❖ မျိုးချစ်ဇာနည်၊ တို့မြန်ပြည်တွက်
ဘိုးလက်ထက်က၊ တက်ကြွမြင့်မြတ်
တို့လွတ်လပ်ရေး၊ အသက်သွေးနဲ့
ပိုက်ထွေးရယူ၊ အောင်လံထူခဲ့။

❖ မျိုးချစ်ဇာနည်၊ တို့မြန်ပြည်တွက်
ဘ လက်ထက်က
ပြည်ပကျူးရန်၊ တို့တွန်းလှန်စဉ်
ဇွဲမာန်ခိုင်ဖြိုး၊ ရန်စစ်မီးကို
စုစည်းရန်အောင်၊ သတ္တိပြောင်ခဲ့။

❖ အဖျက်သမား၊ ပြည်တစ်လွှားဝယ်
ရန်များပျက်သုဉ်း၊ လက်စတုံးအောင်
ချေမှုန်းခဲ့ကြ၊ ရှင်းခဲ့ကြသည့်
အဖတို့ခေတ်၊ မွန်မြတ်စစ်တွင်
ညစ်မျိုးကင်းစင်၊ ပြည်တစ်ခွင်၌
အစဉ်အေးချမ်း၊ ဘေးမသန်းဘဲ
ငြိမ်းချမ်းစေရေး၊ ညီညွတ်ရေးတွက်
သွေးသက်ဆင့်လောင်း၊ သူရဲကောင်းတို့
ညောင်းရင့်ရက်ရှည်၊ တာဝန်ကျေခဲ့။

❖ မြန်ပြည်တစ်ကွေ့၊ ဤယနေ့မှာ
ပြည်ရွာကိုဖျက်၊ အကြမ်းဖက်အား
ဖယ်ရှားရှင်းလင်း၊ ရန်ပုံခွင်းအောင်
သားမောင်စစ်သည်၊ စွမ်းဆောင်ညီကြ
ရှင်ကြည်ခြေလှမ်း၊ ငြိမ်းအေးချမ်းဖို့
ကြိုးပမ်းရည်သန် အောင်ပွဲခံဆဲ။

❖ ဩော်..
အဘိုးအဘ၊ ခေတ်မှစ၍
အဖမှသည်၊ ယနေ့ဆီထိ
စုံညီပြည့်ခဲ့၊ တုနိုင်းမဲ့ဂုဏ်
လွှမ်းခြုံမြင့်မား၊ ပြည်သူ့သားကောင်း
များစုပေါင်း၍၊ အောင်ကြောင်းညီညာ
ပြည်ရွာအဝှမ်း၊ ငြိမ်းချမ်းထွန်းပေါ်
တောင့်တမျှော်ရည်၊ မြဲယုံကြည်မို့
ပြည်သူ့အတွက်၊ ခရီးခက်စေ
ဆက်၍ဆက်၍ ချီပါအံ့…။
တပ်မတော်ဂုဏ်ရည် မြဲထုံပျံ့…။ ။

ကျော်စွာမိုးနိုင်

(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်

# ဝါးခယ်မမြို့နယ် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-ဝါးခယ်မ-မြောင်းမြ လမ်းပေါ်ရှိ အရှည် ၇၈၇ ပေ ကျွန်းကုန်းတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာတို့ ကျွန်းကုန်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၂၀**

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ဘိုကလေး- မော်လမြိုင်ကျွန်း- ကျုံမငေး- ဝါးခယ်မ-မြောင်းမြလမ်းပေါ်ရှိ အရှည် ၇၈၇ ပေ ကျွန်းကုန်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ ကိုဗစ်-၁၉ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးရွှေလေး၊ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးများ၊ စစ်ဘက်၊ နယ်ဘက်မှ ပုဂ္ဂိုလ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဌာနကြီးမှူးများနှင့် တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ရပ်မိ ရပ်ဖများ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘင်ခရာအဖွဲ့၊ စည်တော်အကအဖွဲ့၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင် ဒေါ်အေးနုစိန်က ယနေ့ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်ရှိ ၇၈၇ ပေအရှည်ရှိသည့် ကျွန်းကုန်းတံတားကြီးကို (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ဖွင့်လှစ်ပေးခဲ့သည့်အတွက် ဒေသခံများနှင့် ထပ်တူထပ်မျှ ဝမ်းသာကြည်နူးရပါကြောင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ရှေးပဝေသဏီကတည်းက တိုင်းရင်းသား ၁၃၅ မျိုးနှင့် အေးအတူပူအမျှ လက်တွဲနေထိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ရှိသည့် တိုင်းရင်းသားပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ လူတန်းစေ့ နေထိုင်နိုင်ရန် အခြေခံအဆောက်အအုံဖြစ်သည့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ပါဝင်သောလေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း၊ လမ်း၊ တံတားများ ကောင်းမွန်ရေးနှင့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး လုံခြုံချောမွေ့မှသာ တိုင်းရင်းသားပြည်သူများ အပြန်အလှန်ကူးလူးဆက်သွယ် သွားလာနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုများ ရရှိစေမည်ဖြစ်ပါကြောင်း။

နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးကဏ္ဍများတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်ဆောင်ရွက်ခြင်းသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရများပင်ဖြစ်ပါကြောင်း၊ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက်(၉)ရပ် ချမှတ်ထားပြီး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မူဝါဒ(၄)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

**အချိုးညီညီဖွံ့ဖြိုးတိုးတက်စေရေး**

လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာရေးအတွက် ဦးစားပေးဆောင်ရွက်နိုင်ရန် ပထဝီနှင့် သဘာဝအတားအဆီးဖြစ်သည့် နေရာများတွင် တံတားများ တည်ဆောက်ပေးခြင်း၊ လမ်းများကိုလည်း ရာသီမရွေးသွားလာနိုင်အောင် ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ပြင် မြို့ပြဒေသများသာမက ဝေးလံခေါင်းပါးသည့် ဒေသများပါမကျန် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ပြည်သူ့ဘဏ္ဍာငွေများ သုံးစွဲရာတွင် လေလွင့်မှုမရှိစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲရန်အတွက် အရည်အသွေး ကောင်းမွန်ရေး၊ ဒေသအတွက် အကျိုးဖြစ်ထွန်းမှုရှိစေရန် ရှိ/မရှိ ထောက်ပြပေးနိုင်ကြရန်နှင့် တည့်မတ်ပေးရန် တာဝန်ရှိသူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

ဧရာဝတီ တိုင်းဒေသကြီးသည် ဧရာဝတီမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသဖြစ်သည်နှင့်အညီ မြန်မာပြည်၏ ဆန်စပါးအဓိကထွက်ရှိရာ ဒေသကြီးလည်းဖြစ်ပါကြောင်း၊ မြေဆီဩဇာကြွယ်ဝသော မြေနုကျွန်းပေါ်ဒေသဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး ရေထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ရေချိုငါးဖမ်းလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ ဆားလုပ်ငန်း၊ သင်ဖြူးဖျာလုပ်ငန်းနှင့် နိုင်ငံခြားဧည့်သည်များ စိတ်ပါဝင်စားသည့် ပုသိမ်ထီးလုပ်ငန်းများ တည်ရှိသော တိုင်းဒေသကြီးလည်း ဖြစ်ပါကြောင်း။

ကျွန်းကုန်းတံတားကို အသုံးပြုခြင်းဖြင့် ဝါးခယ်မ-ကျုံမငေး-မော်လမြိုင်ကျွန်း-ဘိုကလေးမြို့တို့သို့ လည်းကောင်း၊ ဘိုကလေးမှတစ်ဆင့် ဖျာပုံ-မအူပင်-တွံတေး-ရန်ကုန်မြို့တို့သို့ လည်းကောင်း အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကျွန်းကုန်းတံတားမှ အိမ်မဲ-ရန်ကုန်သို့လည်းကောင်း၊ မြောင်းမြ-မြင်းကဆိပ်-ပုသိမ်မြို့တို့သို့ လည်းကောင်း လမ်းကွန်ရက်များ ချိတ်ဆက်သွားလာနိုင်ပြီဖြစ်ပါကြောင်း။

နိုင်ငံ၏ အနာဂတ်ငြိမ်းချမ်းသာယာရေး နိုင်ငံသူ နိုင်ငံသားများ၏ဘဝ ချမ်းမြေ့ပျော်ရွှင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် ကောင်းမွန်သည့်ရည်မှန်းချက်၊ ဦးတည်ချက်များကို ကြိုးပမ်းပုံဖော်လျက်ရှိပါကြောင်းနှင့် တိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်အစိုးရ၏ပြည်ထောင်စုငြိမ်းချမ်းရေး ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စု တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းစဉ်များအပေါ် ပိုမိုပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရွှေလေးက ကျွန်းကုန်းတံတားသစ်သည် မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ဘိုကလေး-မော်လမြိုင်ကျွန်း-ကျုံမငေး-မြောင်းမြ လမ်းပေါ်ရှိ ယခင် ကြိုးတံတားဟောင်းနှင့် ကပ်လျက် တည်ဆောက်ထားပြီး တံတားအရှည် ၇၈၇ ပေ၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းမောင်း သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး Foundation အပိုင်းကို Bored Pile Foundation ဖြင့် တည်ဆောက်ထားသည်။ Superstructure အပိုင်းမှာ သံမဏိ သံပေါင် ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းဖြစ်ပြီး တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေသခံပြည်သူတစ်ဦးက ကျွန်းကုန်းတံတား ဖွင့်လှစ်ပေးသည့်အတွက် နိုင်ငံတော်အစိုးရကို ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ယင်းနောက် မင်္ဂလာအချိန်တွင် ကျွန်းကုန်းတံတားအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာ၊ ပြည်ထောင်စုဝန်ကြီး ဦးရွှေလေး၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ကျွန်းကုန်းတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်နှင့် ဦးမောင်းဟာတို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကျွန်းကုန်းတံတားသစ်ကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မန္တလေးမြို့ ရတနာပုံအပန်းဖြေဥယျာဉ် တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှု

**နေပြည်တော် မတ် ၂၀**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ ရတနာပုံအပန်းဖြေဥယျာဉ် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှု၍ ပြည်သူများ အနားယူအပန်းဖြေနိုင်မည့် အစီအစဉ်များကို အကြံပြုဆွေးနွေးကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုက မန္တလေးမြို့၏ သမိုင်းအစဉ်အလာ ကြီးမားခဲ့မှုနှင့် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ထိန်းသိမ်းစောင့်ရှောက်ရန် စီမံဆောင်ရွက်ထားမှုများ၊ ရတနာပုံအပန်းဖြေဥယျာဉ် တည်ဆောက်ပြီးစီးမှုနှင့် ပြည်သူများ အပန်းဖြေအနားယူနိုင်မည့် အခြေအနေများ၊ ညပိုင်းတွင် မန္တလေးတောင်တော်ရှုခင်းအလှ၊ ကျုံးရေပြင်နှင့် နန်းမြို့ရိုးအလှတို့ကို ကြည့်ရှုခံစားနိုင်မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဆောင်ရွက်နေသော လုပ်ငန်းများကို ပြည်သူများ သိမြင်ခံစားနိုင်ရန်အတွက် မီဒီယာနည်းလမ်းများဖြင့် အားဖြည့်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မန္တလေးနန်းမြို့ရိုးနှင့် ကျုံးရေပြင်သည် မြန်မာလူမျိုးတိုင်းက တန်ဖိုးထားကြသည့် သမိုင်းအမွေအနှစ်များဖြစ်ကြောင်း၊ မိမိတို့မြန်မာလူမျိုးများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ် ကြီးမြင့်သူများဖြစ်သဖြင့် နောင်လာနောက်သားများကို သိမြင်ခံစား ထိန်းသိမ်းတတ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မန္တလေးနန်းမြို့ရိုးကြီးအနီးတွင် အပန်းဖြေဥယျာဉ်ကြီးတစ်ခုကို ဖန်တီး ဖော်ဆောင်ပေးသည့်အတွက် မန္တလေးမြို့သူ မြို့သားများအတွက် သာမက မြန်မာနိုင်ငံအနှံ့အပြားမှ လာရောက်လည်ပတ်ကြသူများကပါ ဝမ်းမြောက် ဂုဏ်ယူနေကြမည်ဟု ယုံကြည်ပါကြောင်း၊ မန္တလေးမြို့သည် လမ်းပန်းဆက်သွယ်ရေးအရ အရေးပါသည့် မြို့ကြီးတစ်မြို့အဖြစ် သာမက ကုန်းဘောင်ခေတ် နှောင်းပိုင်းကာလ သမိုင်းအမွေအနှစ်များ စုဝေးရာ နေရာဌာနဖြစ်သည့်အတွက် မြန်မာလူမျိုးတိုင်း၏ အသည်းနှလုံးဟု ဆိုနိုင်မည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းများ ယခုထက်ပိုမိုတိုးတက်အောင်မြင်စေရန် ဆန္ဒပြုအပ်ပါကြောင်း ပြောကြားပြီး ရတနာပုံအပန်းဖြေဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ရတနာပုံအပန်းဖြေဥယျာဉ်ကို ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မန္တလေးနန်းမြို့ ကျုံးအရှေ့ဘက်ခြမ်း ပြအိုး ၁၃ မှ ၂၅ အထိ၊ ကျုံးတောင်ဘက်ခြမ်း ပြအိုး ၁ မှ ၁၃ အထိ ဧရိယာအတွင်း လျှောက်လမ်းများ၊ ပန်းခုံများ၊ ရာသီပန်းများ၊ မြေယာရှုခင်းအလှများ၊ အလှမီးတိုင်များဖြင့် တည်ဆောက်ထားပြီး ပြည်သူများ အနားယူအပန်းဖြေနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ်ရှိ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစီအစဉ်များကို တိုးမြှင့်လုပ်ဆောင်ရန်နှင့် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ရေး၊ အားကစားပြိုင်ပွဲများ ကျင်းပရေးတို့နှင့် စပ်လျဉ်းပြီး ဆွေးနွေးပြောကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုတို့ မန္တလေးမြို့ ရတနာပုံအပန်းဖြေဥယျာဉ် တည်ဆောက်မှုလုပ်ငန်းများကို ကြည့်ရှုစဉ်။

# မုန်တိုင်းငယ်၏ အခြေအနေကို မပြတ်စောင့်ကြည့်ကာ ပြည်သူများထံသို့ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်

**နေပြည်တော် မတ် ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဗ္ဗသီရိမြို့ ဆင်ဖြူရှင်ရပ်ကွက် အေးမေတ္တာစံ(တောင်နီလေး) ကျောင်းတိုက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အသိအမှတ်ပြု (ဒုတိယအဆင့်) အေးမေတ္တာစံ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာသို့ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညိုကြသည်။

**ရှင်းလင်းလျှောက်ထား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စေတနာ့ဝန်ထမ်း ပရဟိတအဖွဲ့အစည်းများမှ တည်ထောင်ဖွင့်လှစ်ထားသော ဂေဟာရိပ်သာများကို ဝန်ကြီးဌာနက ထောက်ပံ့ပေးနေမှု၊ ပူးပေါင်းဆောင်ရွက်နေမှု၊ ပရဟိတဂေဟာရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရေးဆွဲထားရှိသော လုပ်ငန်းလမ်းညွှန်များအတိုင်း အသိအမှတ်ပြုခြင်း၊ နည်းစနစ်တကျရှိစေရေး အနိမ့်ဆုံးရှိရမည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရေး၊ အသိပညာပေးခြင်း၊ ကြပ်မတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းလျှောက်ထားခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဂေဟာမှတာဝန်ရှိသူများကို ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ရရှိခံစားနိုင်စေရေးနှင့် ၎င်းတို့၏ အသက်အရွယ်အလိုက် ကိုယ်ခန္ဓာနှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရေး၊ အသိပညာနှင့် အတတ်ပညာများ သင်ကြားတတ်မြောက်စေရေးအတွက် ဆောင်ရွက်ပေးစေလိုသည့်အချက်များ တိုက်တွန်းမှာကြားခဲ့ပြီး ကလေးသူငယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ကလေးသူငယ်များ၏ စာသင်ဆောင်၊ အိပ်ဆောင်များကို လိုက်လံကြည့်ရှုပြီး လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနသို့ သွားရောက်၍ ဘင်္ဂလားပင်လယ်အော်အတွင်း လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းငယ်နှင့်စပ်လျဉ်း၍ နောက်ဆုံးဖြစ်ပေါ်ပြောင်းလဲလာမှု အခြေအနေများ၊ အားကောင်းသည့် လေဖိအားနည်းရပ်ဝန်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းအနီးမှ ဖြတ်ကျော်ကာ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တောင်ပိုင်းတို့သို့ မုန်တိုင်းငယ်အဖြစ် ဖြတ်ကျော်ဝင်ရောက်နိုင်မှုများနှင့် ပတ်သက်၍ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာနက စောင့်ကြည့်လေ့လာပြီး အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များ စုစည်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုဌာန ခေတ္တတာဝန်ခံ ဌာနကြီးမှူး ဦးဝင်းထိန်ကျော်က ယခုဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်နှင့်ပတ်သက်၍ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်များ အပါအဝင် နိုင်ငံတကာမိုးလေဝသ ဝက်ဘ်ဆိုက်များက လေ့လာတွေ့ရှိချက်များအရ မုန်တိုင်းဖြစ်ပေါ်နိုင်မှုအခြေအနေ၊ မိုးရရှိမှုအခြေအနေ၊ ဖြစ်ပေါ်နေသည့် မုန်တိုင်းငယ်၏ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာမှုများကို ရှင်းလင်းတင်ပြသည်။**(အပေါ်ပုံ)**

**ညှိနှိုင်းဆွေးနွေး**

ယင်းနောက် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနတွင် လက်ရှိဖြစ်ပေါ်နေသော မုန်တိုင်းငယ်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက လေဖိအားနည်းရပ်ဝန်း စတင်ဖြစ်ပေါ်ချိန်မှစ၍ လက်ရှိမုန်တိုင်းငယ် ဖြစ်ပေါ်လာချိန်အထိ EOC အနေဖြင့် အချိန်မပြတ်စောင့်ကြည့်လေ့လာပြီး မှတ်တမ်းများ စနစ်တကျထားရှိကာ အဆင့်ဆင့်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များနှင့် သတင်းဆက်သွယ်မှုများရယူကာ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းထားရှိပြီး ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုန်တိုင်းငယ်၏ နောက်ဆုံးဖြစ်ပေါ်ပြောင်းလဲလာမှု အခြေအနေပေါ်လိုက်၍ ဖြစ်ပေါ်လာနိုင်သည့် နေရာဒေသအလိုက် ရာသီဥတုအခြေအနေများနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ပြည်သူများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သိရှိပြီး ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နာရီစဉ်အလိုက် ပြောင်းလဲမှုများရှိနိုင်သည်ကို သတိပြုရမှာဖြစ်ပြီး မပြတ်စောင့်ကြည့်ကာ ထုတ်ပြန်ပေးရမှာဖြစ်ကြောင်းနှင့် မုန်တိုင်းငယ်အခြေအနေနှင့်ပတ်သက်၍ ထူးခြားလာပါက အဆင့်ဆင့်သော ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ရေးဆွဲထားရှိသော စီမံချက်များအတိုင်း အရေးပေါ်ဆက်သွယ်နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်သတ်မှတ်ကာ စုရပ်နေရာများ ပြင်ဆင်နိုင်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းစုပုံပြင်ဆင်ကာ ဖြန့်ခွဲထောက်ပံ့နိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ယခု မုန်တိုင်းငယ်၏ ပြောင်းလဲဖြစ်ပေါ်မှုများကို အချိန်နှင့်အမျှ သတင်းပေးပို့နိုင်ရန် ဆောင်ရွက်စေလိုပါကြောင်း၊ မုန်တိုင်းလမ်းကြောင်းနှင့် အနီးဝန်းကျင်ဒေသများရှိ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနရုံးများတွင် ကယ်ဆယ်ရေးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများ အသင့်ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်ပါကြောင်း၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန၏ နေ့/ည တာဝန်ကျဝန်ထမ်းများအနေဖြင့်လည်း အမြဲမပြတ် စောင့်ကြည့်သတင်းပို့စေရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မိဘပြည်သူများသို့ အသိပေး ကြေညာခြင်း

အသက်(၁၆)နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင်ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများအား (၃-၅-၂၀၂၁) မှ(၃-၁၁-၂၀၂၂)နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာနေရာများတွင်လည်းကောင်း၊ နိုင်ငံသားကတ်(မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ်(မှတ်ပုံတင်)အား (၁-၄-၂၀၂၂) နေ့ (၀၆:၀၀)နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ်(မှတ်ပုံတင်)အစား ထောက်ခံစာများအား ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတုကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိ ကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်းလည်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**




# တနင်္သာရီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးမြောက်အောင်မြင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၀**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက်အောင်မြင်ပွဲကို မတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပန်းခင်းစီမံချက်သည် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် နောက်ဆုံးအချက်အား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အဓိကကျသည့် စီမံချက်တစ်ခုဖြစ်ပါကြောင်း၊ နောင်ကျင်းပမည့် ရွေးကောက်ပွဲများတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားအားလုံး ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရသည့် နိုင်ငံတော်စီမံချက်ဖြစ်ပါကြောင်း၊ ပန်းခင်းစီမံချက်သည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်ကာလအတွင်း၊ သတ်မှတ်အရေအတွက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ ယင်းစီမံချက်ကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ၂၀၂၁ ခုနှစ် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၃ ရက်ထိ ၁၈ လတာကာလအတွင်း ပြီးစီးရန် အရေအတွက် လျာထားသတ်မှတ်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရန် ၁၁၅၈၉၇ ဦး လျာထားသတ်မှတ်ခဲ့ရာ ယခုအခါ တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့် ပြီးစီးအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယင်းလုပ်ငန်းစီမံချက်သည် မိမိတို့ဌာနမှ တာဝန်ယူဆောင်ရွက်ရသော်လည်း ဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုရှိမှုသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့် မန္တလေးတိုင်းဒေသကြီးတို့သည် ပန်းခင်းစီမံချက်ဖြင့် တိုင်းလုံးကျွတ်လျာထားချက်ကို သတ်မှတ်ကာလအတွင်း ဆောလျင်စွာပြီးစီးခဲ့ပါကြောင်း၊ ယခု တနင်္သာရီတိုင်းဒေသကြီးသည် (၅)ခုမြောက် တိုင်းလုံးကျွတ်လျာထားချက် ရာနှုန်းပြည့်ပြီးမြောက် အောင်မြင်ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ရာသီဥတု၊ ကျွန်းများပေါများပြီး သွားရေးလာရေး လမ်းပန်းခက်ခဲမှုများကြားမှ ယခုကဲ့သို့ တိုင်းလုံးကျွတ်ဆောင်ရွက်နိုင်ခြင်းအတွက် ပံ့ပိုးကူညီ ဆောင်ရွက်ပေးသူ အားလုံးကို ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်း။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းစဉ်သည် ယခုလျာထားချက် ပြည့်မီပြီးစီးသော်လည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရမည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန်နှင့် မိမိတို့ဌာနဝန်ထမ်းများအနေဖြင့် လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်မှတ်တမ်းမှတ်ရာများကို စနစ်တကျ ဖြည့်သွင်းဆောင်ရွက်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအတွင်း ပန်းခင်းစီမံချက်လျာထားချက်ရာနှုန်းပြည့် ပြီးစီးအောင်မြင်ရေးအတွက် တွန်းအားပေးဆောင်ရွက်မှု၊ လုပ်ငန်းလိုအပ်ချက်များ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေနှင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအား ကျေးဇူးတင်ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပန်းခင်းစီမံချက် တိုင်းလုံးကျွတ်လျာထားချက် ပြည့်မီပြီးစီးအောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီးဦးစီးမှူး ဦးယဉ်ထွေးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ပန်းခင်းစီမံချက် ဆောင်ရွက်ရာတွင် စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သည့် တနင်္သာရီတိုင်းဒေသကြီးမှ ဝန်ထမ်းများအား တစ်ဆင့်မြင့် ရာထူး တိုးမြှင့်ပေးကာ ရာထူးအဆင့်များကို တပ်ဆင်ပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တရားဝင်ထုတ်ပေးထားသည့် နိုင်ငံသားကတ်(မှတ်ပုံတင်)ကို လာမည့် ဧပြီ ၁ ရက် နံနက် ၆ နာရီမှစတင်၍ ပြသစစ်ဆေးခံနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များ၊ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်မှု၊ နိုင်ငံတော်မှအကောင်အထည်ဖော်ဆောင်ရွက်နေသည့် e – Government စနစ်၏ အခြေခံအုတ်မြစ်ဖြစ်သည့် e – ID စနစ် လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေ၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်များ၊ ဆက်စပ်ဌာနများမှ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပန်းခင်းစီမံချက်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများ၊ အထောက်အထား စာရွက်စာတမ်းများ၊ e–ID စနစ် ရွှေ့ပြောင်းဆောင်ရွက်သည့် ကိုယ်ရေးအချက်အလက် ဖြည့်သွင်းမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ခရိုင် သုံးခု၊ မြို့နယ် ၁၀ မြို့နယ်၊ ရပ်ကွက် ၉၀၊ ကျေးရွာအုပ်စု ၂၇၀၊ ကျေးရွာပေါင်း ၁၁၈၄ ရွာရှိပြီး ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၁၅၈၉၇ ကတ်ထုတ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအထိ ၁၄၀၃၉၈ ကတ်ထုတ်ပေးနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၁၂၁ ဒသမ ၁၄ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သဖြင့် လျာထားချက်ကို ရာနှုန်းပြည့် ပြီးမြောက်ကျော်လွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ စာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် မတ် ၂၀**

ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ်၌ မျိုးဆက်သစ်လူငယ်လူရွယ်များနှင့် စာပေချစ်မြတ်နိုးသော ပြည်သူများ စာပေကိုဖတ်ရှုသည့် အလေ့အထကောင်းများ ရရှိနိုင်စေရန်၊ စာပေနှင့် ပိုမိုရင်းနှီးကျွမ်းဝင်မှုရှိစေရန်နှင့် စာပေမှ ဗဟုသုတများစွာရရှိနိုင်စေရန် ရည်ရွယ်၍ ဗဟန်းမြို့နယ် Book Club အသင်းစာဖတ်ဝိုင်းကို ယမန်နေ့မွန်းလွဲ ၁ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ဗဟန်း)ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

အခမ်းအနားတွင် ဗဟန်းမြို့နယ် စာရေးဆရာအသင်း အတွင်းရေးမှူး ဦးချစ်(သူရဲသမိန်)က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားရာတွင် စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည့် စကားအတိုင်း၊ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စာရေးဆရာသန်လျင်မောင်မောင်ဦး ရေးသားသည့် "ရွှေပုဂံပေါ်ကျသည့်မျက်ရည်" စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပရာ စာရေးသူ သန်လျင်မောင်မောင်ဦးကိုယ်တိုင် မိမိရေးသားထားသည့် စာအုပ်အား ပြန်လည်ရှင်းလင်းပြောကြားရာတွင် စာအုပ်ရေးသားရသည့် ရည်ရွယ်ချက်၊ စာအုပ်ပါအကြောင်းအရာများ၊ စာအုပ်အား ရုပ်ရှင်ရိုက်ကူးပြသခဲ့သည့်အခြေအနေများကို အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသော စာရေးဆရာများဖြစ်ကြသည့် ရန်နှောင်(ပညာရေး)၊ မောင်ချစ်(သူရဲသမိန်)၊ မောင်မြင့်အောင်၊ သက်ဝေမောင်တို့က စာအုပ်ပါရေးသားထားသည့်အကြောင်းအရာများကို ဆွေးနွေးကြပြီး တက်ရောက်လာကြသော စာပေချစ်မြတ်နိုးသော စာပေဝါသနာရှင်များက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကျောင်းသား ကျောင်းသူ၊ လူငယ်များ အသိပညာဗဟုသုတတိုးတက်စေရန်နှင့် ဗလငါးတန်ဖွံ့ဖြိုးစေရန် အသိပညာပေးဟောပြော

## ကျောက်မဲ

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပညာရေးဌာနတို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၂ နာရီက ကျောက်မဲမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန်းသန်းနွယ်က "အားကစားနှင့် လူငယ်စိတ်ဓာတ်ကောင်းမွန်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နှင်းရည်က "အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်ဖြစ်ပေါ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက " စိတ်ဓာတ်ကောင်းမွန်ရေးနှင့် စည်းကမ်းလိုက်နာရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးဟောပြောကြသည်။

အဆိုပါ ဟောပြောပွဲတွင် ကျောင်းသား ကျောင်းသူများအား (၇၇) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**မိုင်းထွန်း(ပြန်/ဆက်)**



## ကသာ

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ အောင်ဆန်းခန်းမတွင် ကျောင်းသား ကျောင်းသူများ အကျင့်စာရိတ္တနှင့် စည်းကမ်းကောင်းမွန်စေရန်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန်၊ အားကစားစိတ်ဓာတ် မြင့်မားလာစေရန်နှင့် အသိပညာ ဗဟုသုတများတိုးပွားစေရန်ရည်ရွယ်၍ မတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက "လူငယ်ရေးရာ အသိပညာပေး" ဟောပြောပွဲ ပြုလုပ်ခဲ့သည်။

အဆိုပါဟောပြောပွဲတွင် ကသာခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဆရာကြီး ဦးသိန်းဆွေဝင်းက "စိတ်ဓာတ်ကောင်းဖြစ်ထွန်းရေးနှင့် စည်းကမ်းလိုက်နာရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်စောကလျာက "အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး"ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်လပြည့်ဝန်းက "လူငယ်နှင့်အားကစား"ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူများအား အသီးသီး အသိပညာပေး ဟောပြောကြသည်။

**ခရိုင်(ပြန်/ဆက်)**

## သရက်

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အခြေခံပညာဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ခရိုင်ပညာရေးမှူး ဦးကျော်ဦးက လူငယ်လူရွယ်များ အလေ့ကျင့်ကောင်းများပေါ်ထွန်းရေးခေါင်းစဉ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသူရခိုင်ကျော်က ကိုယ်လက်လှုပ်ရှား အားကစားနှင့် အားကစားစိတ်ဓာတ်မြင့်မားရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြန်/ဆက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်ဆွေက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ခေါင်းစဉ်တို့ဖြင့် အသိပညာပေး ဟောပြောပေးခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## ဟိုပန်

ရှမ်းပြည်နယ် (မြောက်ပိုင်း) 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်၍ ပညာရေးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းကာ မတ် ၁၉ ရက် မွန်းလွဲ ၃ နာရီအချိန်က ဟိုပန်မြို့နယ် ရွှေဝါကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းအောင်က "လူငယ်နှင့် ရည်မှန်းချက်"၊ "လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး" ခေါင်းစဉ်တို့ဖြင့် လည်းကောင်း၊ ရွှေဝါကျေးရွာ အထက(ခွဲ)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမြမူက "လူငယ်နှင့် စာရိတ္တ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ နည်းပြ(နည်းစနစ်) ဒေါ်နန်းမျိုးသန္တာဦးက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကွန်းစု

တနင်္သာရီတိုင်းဒေသကြီး ကွန်းစုမြို့နယ်တွင် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတ တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ဗလငါးတန်ဖွံ့ဖြိုးစေရန်အတွက်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ် ပြန်/ဆက်ရုံးရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဒေါ်အေးသန္တာဖြိုးက လူငယ်များသည် အနာဂတ်ရဲ့ခေါင်းဆောင်ကောင်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အနာဂတ်ရဲ့ ခေါင်းဆောင်ကောင်းများသည် ဗလငါးတန်ဖွံ့ဖြိုးဖို့ လိုအပ်ပါကြောင်း၊ နိုင်ငံနှင့် လူမျိုးအပေါ် ချစ်မြတ်နိုး၍ မျိုးချစ်စိတ် အပြည့်ရှိဖို့ လိုအပ်ပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင် မိမိအတွက် အကျိုးရှိသောသင်တန်းများကို တက်ရောက်ကြရန် စသည်တို့ကို ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူး ဦးဖြိုးဝေလင်းက ကျောင်းသား/သူများ အနေဖြင့် ကိုယ်ကာယကျန်းမာဖွံ့ဖြိုးတိုးတက်ကောင်းမွန်စေရန် အားကစားလှုပ်ရှားမှုများကို ဆောင်ရွက်သင့်ပါကြောင်း၊ နွေရာသီကျောင်းပိတ်ရက်များတွင် အားကစားသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် မြို့နယ် အား/ကာ ရုံးနှင့် မြို့နယ် ပြန်/ဆက် ရုံးတို့၌ စာရင်းပေးသွင်းနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

**စည်သူရအောင်(ကွန်းစု)**

## ကလော

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ပညာရေးဦးစီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် နံနက်ပိုင်းက ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဒေါ်နန်းအေးခိုင်က လူငယ်နှင့်စာရိတ္တမျိုးဆက်သစ်လူငယ်များမျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ် အားကစားနှင့် လူငယ်ရေးရာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကျော့ကေခိုင်ထွန်းက လူငယ်နှင့်အားကစားအကြောင်း ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ **ကျော်ဝင်း(ပြန်/ဆက်)**





## မြိတ်

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အထက်တန်း/အလယ်တန်း ကျောင်းသား/သူများအား အသိပညာ ဗဟုသုတများ တိုးပွားစေရေးနှင့် စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တများ တိုးတက်မြင့်မားလာစေရေး အတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက် ညနေ ၃ နာရီက အထက(၁)မြိတ် ပညာ့ဗိမာန်ခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ကြီးပွားအောင်မြင်လိုသူ၊ ပညာတတ်လူတော် လူကောင်းများ ဖြစ်လိုသူများ သွားလာနေထိုင်ရာတွင် စိတ်ဓာတ်ကောင်းများဖြင့် ပြုမူနေထိုင်ကြရန် စိတ်ဓာတ်ကောင်းများပေါ်ထွန်းရေးနှင့် စည်းကမ်းလိုက်နာရေးခေါင်းစဉ်ဖြင့် ခရိုင်ပညာရေးမှူး ဦးညဏ်ထွန်းက လည်းကောင်း၊ စာရိတ္တကောင်းမှသာ လူတော် လူကောင်းများ အဖြစ် လူမှုပတ်ဝန်းကျင်တွင် ခမ်းနားထည်ဝါစွာ ရပ်တည်နေထိုင်နိုင်ရေးနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ်ကောင်းမွန်ရေး ခေါင်းစဉ်ဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးယုဝါအောင်ကလည်းကောင်း ဟောပြောကြသည်။

**ခိုင်ထူး (ပြန်/ဆက်)**



## မော်လိုက်

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကျောင်းသား ကျောင်းသူလေးများ နွေရာသီအားလပ်ရက်များတွင် အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရေးနှင့် လူငယ်များ အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် ရည်ရွယ်၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မတ် ၁၉ ရက်က မော်လိုက်မြို့ အခြေခံပညာ အထက်တန်းကျောင်းရှိ စုံညီခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလွင်ထွန်းက စိတ်ဓာတ်ကောင်းဖြစ်ထွန်းရေးနှင့် စည်းကမ်းလိုက်နာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေဝင်းက လူငယ်နှင့် အကျင့်စာရိတ္တ၊ လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်နှင့် စာပေဖတ်ရှုခြင်းကြောင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထိန်က လူငယ်နှင့်အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေး ဟောပြောခဲ့ကြပြီး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှအထက(မော်လိုက်)ကျောင်းအတွက် အားကစားပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ **မော်လိုက်သားလေး**

## ကျိုင်းတုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို မတ် ၁၉ ရက် ညနေ ၃ နာရီက အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း ခန်းမတွင်ကျင်းပသည်။

ဟောပြောပွဲတွင် ကျိုင်းတုံခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငိုင်းတမ်က အားကစားနှင့် ကျန်းမာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာထွေးက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဆာယာလှမြင့်က စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား ကျောင်းသူများအား ဟောပြောခဲ့ကြသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

# ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကဏ္ဍများ၌ အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

နယူးဒေလီ မတ် ၂၀

ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံ၏ စွမ်းအင်ကဏ္ဍအပါအဝင် စီးပွားရေးတိုးတက်မှုဆိုင်ရာကဏ္ဍများ၌ လာမည့်ငါးနှစ်တာအတွင်း အမေရိကန်ဒေါ်လာ ၄၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဆွေးနွေး

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့်ပတ်သက်ပြီး ယမန်နေ့က ဆွေးနွေးသည်။

၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံက အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများ၌ အမေရိကန်ဒေါ်လာ ၂၉ ဘီလီယံကို ရင်းနှီးမြှုပ်နှံခဲ့ကြောင်း နှစ်နိုင်ငံထိပ်သီးအစည်းအဝေးပြီးနောက် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ခေါင်းဆောင်နှစ်ဦးက အတည်ပြုပြောကြားသည်။

အိန္ဒိယနိုင်ငံ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တုံ့ပြန်ဖြေရှင်းဆောင်ရွက်မှုများနှင့် စွမ်းအင်လုံလောက်စွာရရှိမှုများအပါအဝင် ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်ရွယ်သည့် အိန္ဒိယ-ဂျပန် သန့်ရှင်းသောစွမ်းအင်မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရေးနှင့်ပတ်သက်ပြီး နှစ်နိုင်ငံခေါင်းဆောင်များက ထပ်လောင်းကြိုဆိုခဲ့ကြသည်။

ထို့ပြင် ရင်ဆိုင်ကြုံတွေ့နေရသည့် ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအပေါ် ဝန်ကြီးချုပ်နှစ်ဦးက အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆိုက်ဘာလုံခြုံရေး၊ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုနှင့် ဂျပန်နည်းပညာသုံး ရေဆိုးစွန့်ပစ်မှုဆိုင်ရာ စီမံခန့်ခွဲမှု စသောကဏ္ဍများနှင့် ပတ်သက်သည့် နားလည်မှုဆိုင်ရာ စာချွန်လွှာသုံးရပ်ကိုခေါင်းဆောင်နှစ်ဦးက လက်မှတ်ရေးထိုးခဲ့ကြောင်း အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဟာ့ရှ်ရှာရီလာက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်



# အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုဖြစ်ပွား၊ လယ်ယာမြေဟက်တာများစွာ ဆုံးရှုံး

ကဘူးလ် မတ် ၂၀

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း နာဂါဟာစီရင်စုရှိ လာပါခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ဒေသခံနှစ်ဦးသေဆုံးပြီး လယ်ယာမြေဟက်တာများစွာ ဆုံးရှုံးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

ပြောကြား

ရေကြီးရေလျှံမှုများကြောင့် အဆိုပါသေဆုံးသူနှစ်ဦးတွင် အမျိုးသမီးတစ်ဦးပါဝင်ပြီး အမျိုးသမီးငယ်တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဂျုံစိုက်ခင်းများအပါအဝင် အခြားသောသီးနှံခင်းအများအပြား ပျက်စီးဆုံးရှုံးခဲ့ပြီး ကျွဲ၊ နွားအကောင်ရေ ရာနှင့်ချီပြီး သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်



# တရုတ်နိုင်ငံ၌ ၂၀၂၁ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံးသေဆုံးသူ တွေ့ရှိ

ပေကျင်း မတ် ၂၀

တရုတ်နိုင်ငံ ကျီလင်းပြည်နယ် အရှေ့မြောက်ပိုင်း၌ မတ် ၁၈ ရက်က ကိုဗစ်-၁၉ ရောဂါကြောင့် နှစ်ဦးသေဆုံးခဲ့ကြောင်း တရုတ်နိုင်ငံအစိုးရက ပြောကြားသည်။ အဆိုပါသေဆုံးမှုသည် ပြီးခဲ့သည့်နှစ် ဇန်နဝါရီလနောက်ပိုင်း တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ပထမဆုံး သေဆုံးသူ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ပြည်တွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၈၇၀ ထပ်မံတွေ့ရှိခဲ့ကြောင်း တရုတ်ကျန်းမာရေးအာဏာပိုင်များက ပြောကြားသည်။

ကျီလင်းပြည်နယ်သည် တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုဒဏ် အများဆုံးခံရသည့် ပြည်နယ်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူနှစ်ဦးသည် အသက်အရွယ်ကြီးရင့်သူများဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် အဆိုပါဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ရန် အစီအမံများစွာကို လုပ်ဆောင်လျက်ရှိသော်လည်း အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံတစ်ဝန်းတွင် ကူးစက်ခံရသူအရေအတွက် သိသိသာသာ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် တရုတ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၃ ဒသမ ၂၂ ဘီလီယံကျော် အသုံးပြုပြီးဖြစ်ကြောင်း တရုတ်နိုင်ငံ အမျိုးသားကျန်းမာရေးကော်မရှင်၏ မတ် ၂၀ ရက်တွင် ဖော်ပြထားသည့် အချက်အလက်များအရ သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ တစ်သိန်းလေးသောင်းကျော် ထပ်မံတွေ့ရှိ

ဟနွိုင်း မတ် ၂၀

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၁၅၁ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၁၄၁၁၄၉ ဦးသည်ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၆၂ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက် ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၉၅၈၀၄၈ ဦးရှိကြောင်း၊ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၄၁၈၈၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှဆင်းခွင့်ရရှိသူပေါင်း ၄၁၀၃၀၂၈ ဦးရှိပြီး ယင်းအရေအတွက်သည် ကူးစက်ခံရသူစုစုပေါင်း၏ ၅၂ ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထိုးနှံပေးခဲ့

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၀၁ ဒသမ ၇ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၈၄ ဒသမ ၆ သန်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်





# မလေးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၃၄၁ ဦး ထပ်မံတွေ့ရှိ

ကွာလာလမ်ပူ မတ် ၂၀

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၃၄၁ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၇၄၀၁၉ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၂၈၁၇ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၅၂၄ ဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၅ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၄၃၂၉ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၃၃၃၄၇ ဦးရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၆၅၆၄၁၅ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိဆဲလူနာပေါင်း ၂၈၃၂၇၅ ဦးရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံ့လူဦးရေ၏ ၈၄ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၇၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၇ ဒသမ ၄ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-အလင်းသစ်

# သီရိလင်္ကာနိုင်ငံ၌ နေအိမ်ဥယျာဉ် ၂ ဒသမ ၂ သန်းခန့် ဖန်တီးဆောင်ရွက်မည်



ကိုလံဘို မတ် ၂၀

သီရိလင်္ကာနိုင်ငံ၌ လာမည့်လမှစပြီး နေအိမ်ဥယျာဉ် ၂ ဒသမ ၂ သန်းခန့် စတင်အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ယနေ့ သတင်းများအရ သိရသည်။

နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်သာယာစေရေးအတွက် နေအိမ်များ၌ ဥယျာဉ်များစိုက်ပျိုးမှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားချေးငွေနှင့် အလုပ်အကိုင်ရှာဖွေရေးဝန်ကြီး ရှိဟန် ဆီမာဆင်းဟီက ပြောကြားသည်။

သီရိလင်္ကာအစိုးရက နေအိမ်ဥယျာဉ်များဆောင်ရွက်ရေးအတွက် အိမ်ထောင်စု ၁၂၉၁၂ စုကို သီးပင်စားပင်များ ထောက်ပံ့ပေးအပ်ပြီးဖြစ်ကြောင်း ဝန်ကြီး ရှိဟန် ဆီမာဆင်းဟီက ဆိုသည်။

အဆိုပါနေအိမ်ဥယျာဉ်များ ဖန်တီးမှုအစီအစဉ်ကို သမ္မတ ဂိုတာဘာယာ ရာဂျာပက်ဆာက အဆိုပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- အောင်ကျော်ကျော်

# ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ မြေငလျင်လှုပ်ခတ်ပြီး သုံးရက်ကြာအထိ နေအိမ်အများအပြား သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရ



တိုကျို မတ် ၂၀

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း၏ ကမ်းရိုးတန်းဒေသတွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် သုံးရက်ကြာအထိ မီယာဂီခရိုင်နှင့် ဖူကူရှီးမားခရိုင်တို့ရှိ နေအိမ်အများအပြားသည် သောက်သုံးရေပြတ်လပ်မှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ မတ် ၁၆ ရက်က လှုပ်ခတ်ခဲ့သည့် အဆိုပါငလျင်သည် ပြင်းအားအမြင့်ဆုံးအဆင့်တွင် ပါရှိပြီး ယင်းငလျင်လှုပ်ခတ်မှုကြောင့် မီယာဂီနှင့် ဖူကူရှီးမားခရိုင်တို့တွင် လူသုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ မတ် ၂၀ ရက် နံနက် ၁၀ နာရီအထိ ကာလအတွင်း မီယာဂီ၊ ဖူကူရှီးမားနှင့် အခြားသောခရိုင်သုံးခုတို့တွင် လူနေအိမ်စုစုပေါင်း ၂၂၁ အိမ်ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းအချိန်အထိ မီယာဂီနှင့် ဖူကူရှီးမားခရိုင်တို့ရှိ နေအိမ် ၂၀၀၀၀ ခန့်သည် သောက်သုံးရေရရှိမှု မရှိသေးကြောင်း သိရသည်။ လက်ရှိတွင် မီယာဂီခရိုင်၏ ဒေသတချို့နှင့် ဖူကူရှီးမားခရိုင်တစ်ခုလုံးအတွက် သောက်သုံးရေအထောက်အပံ့ပြန်လည်ရရှိရေး ဆောင်ရွက်နေကြောင်း ဒေသအာဏာပိုင်အဖွဲ့အစည်းများက ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်

# ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃ ဒသမ ၃၈ သန်းကျော်ရှိလာ

ဆန်တီယာဂို မတ် ၂၀

ချီလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၂၃၅၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၃၈၁၆၈၁ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့် သေဆုံးသူ ၁၀၁ ဦး ထပ်တိုးလာခြင်းကြောင့် သေဆုံးသူစုစုပေါင်း ၄၄၄၄၀ ရှိလာကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ချီလီနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ရောဂါကူးစက်မှုမြင့်တက်လာခဲ့ပြီးနောက် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းမှစတင်ကာ နေ့စဉ် ကူးစက်မှုပြန်လည်ကျဆင်းခဲ့ကြောင်း ချီလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၅၈၀၈၄ ဦးရှိကြောင်းနှင့် ယင်းတို့အနက် ၇၉၅ ဦးသည် ဆေးရုံများရှိ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ချီလီနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# စင်ကာပူနိုင်ငံ၌ ရောဂါကူးစက်ခံရသူ ၁၀၂၄၄ ဦး ထပ်မံတွေ့ရှိ



စင်ကာပူ မတ် ၂၀

စင်ကာပူနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၂၄၄ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၀၀၇၁၅၈ ဦး ရှိလာပြီဖြစ်ကြောင်း စင်ကာပူကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၀၁၀၂ ဦးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်ပြီး ကျန် ၁၄၂ ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဆေးရုံများ၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူလျက်ရှိသူ ၁၁၃၀ ရှိပြီး ယင်းတို့အနက် ၂၇ ဦးမှာ အထူးကြပ်မတ်ကုသဆောင်များတွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြောင်း သိရသည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာသုံးဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၁၉၄ ဦးရှိပြီဖြစ်သည်။ ကိုးကား- ဆင်ဟွာ
ဘာသာပြန်-အောင်ကျော်ကျော်

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၆၅၉ ဦး ထပ်မံတွေ့ရှိ

တိုကျို မတ် ၂၀

ဂျပန်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၉၆၅၉ ဦး ထပ်မံတွေ့ရှိခဲ့ပြီး ၆၆ ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ယနေ့ ပြောသည်။

ရောဂါထပ်မံကူးစက်ခံရသူများအနက် တိုကျိုမြို့၌ ၆၅၀၂ ဦး၊ ကာနာဂါဝါမြို့၌ ၄၃၇၁ ဦး၊ ဆိုင်တာမာမြို့၌ ၃၃၂၃ ဦးနှင့် အိုဆာကာမြို့၌ ၂၉၀၈ ဦး အသီးသီးတွေ့ရှိသည်။

ယင်းတို့အနက် လူနာ ၉၅၅ ဦးသည် ကျန်းမာရေးဆိုးရွားစွာခံစားနေရပြီး အသက်ရှူအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

သို့သော် အဆိုပါကျန်းမာရေးဆိုးရွားစွာခံစားနေရသည့် လူနာအရေအတွက်သည် ယမန်နေ့ကထက် ၂၈ ဦး လျော့လာကြောင်း သိရသည်။

ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်

# ဘရာဇီးနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၅၄ ဦး ထပ်မံတွေ့ရှိ

ဆော်ပေါ်လို မတ် ၂၀

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၄၁၅၄ ဦး ထပ်မံတွေ့ရှိခဲ့ပြီး အဆိုပါရောဂါဖြင့် သေဆုံးသူ ၃၀၄ ဦးထပ်တိုးလာခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၂၉၆၁၇၂၆၆ ဦးရှိလာကြောင်းနှင့် အဆိုပါရောဂါဖြင့်သေဆုံးသူပေါင်း ၆၅၇၁၀၂ ဦးရှိလာကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ဘရာဇီးနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ဖေဖော်ဝါရီ ၁၁ ရက်မှစတင်ကာ ကျဆင်းခဲ့ပြီး နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက်သည်လည်း ၃၈၀၀၀ ဝန်းကျင်ရှိကြောင်း သိရသည်။

လက်ရှိတွင် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၅၈ ဒသမ ၈ သန်းခန့် အသုံးပြုပြီးဖြစ်ကြောင်းနှင့် ဘရာဇီးနိုင်ငံသား ၇၂ ဒသမ ၂ သန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံများအနက် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံပြီးလျှင် ဒုတိယအများဆုံးနိုင်ငံဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကူးစက်မှုတွင် အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ပြီးလျှင် တတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်၊ လူသုံးကုန်နှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၈ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သံတွဲမြို့နယ် သံတွဲ-တောင်ကုတ် ကားလမ်းဘေးတွင် တရားမဝင် ကညင်သစ် ၃ ဒသမ ၈၈၆၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၈၆၂၀)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မတ် ၁၈ ရက်တွင် သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသော လူသုံးကုန်ပစ္စည်းများ **(ခန့်မှန်းတန်ဖိုးငွေ ၂၀၁၄၄၇၄ ကျပ်)** ကိုလည်းကောင်း၊ မတ် ၁၉ ရက်တွင် မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ခရီးသည်တင်မှန်လုံယာဉ် တစ်စီးပေါ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သော M-150 အားဖြည့်အချိုရည်များ **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)**ကိုလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၃၃၁၄၄၇၄ ကျပ်** ကို အကောက်ခွန်ဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီးအတွင်း စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ်အတွင်း CANDA နှင့် KENBO အမျိုးအစား (လိုင်စင်မဲ့) ဆိုင်ကယ် ငါးစီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀)**ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သစ်တောဦးစီးဌာန ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က ကသာခရိုင် အင်းတော်မြို့နယ်အတွင်း တရားမဝင် ကျွန်းခွဲသားဆိုဒ်စုံ ၁၄ ဒသမ ၂၆၂၂ တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၈၆၆၀)**ကို သစ်တောဥပဒေအရလည်းကောင်း **စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၇၈၆၆၀** အား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။



သိမ်းဆည်းရမိသည့် အကောက်ခွန်မဲ့ စားသောက်ကုန်များအား တွေ့ရစဉ်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်းရှိ ကျောက်မဆင်သစ်တောကြိုးဝိုင်းနှင့် ခပေါင်းသစ်တောကြိုးဝိုင်းများအတွင်း တရားမဝင် ကျွန်းသစ်၊ ပျဉ်းကတိုးသစ်ခွဲသား၊ ရုံးခွဲသား၊ ဒွနီခွဲသားနှင့် လယ်ဇသစ်ခွဲသား ၁၂ ဒသမ ၀၄၂၄ တန် **(ခန့်မှန်းတန်ဖိုးငွေ ၁၃၃၈၄၈၄ ကျပ်)**ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ **အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေ၁၀၉၂၀၂၃၈ ကျပ်)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**



စိုင်းဆိုက်(ခ)အိုက်ဆမ်အား သိမ်းဆည်းရမိသည့် ကတ်တမင်းများနှင့်အတူ တွေ့ရစဉ်။

## ရန်ကင်း၊ မြောက်ဥက္ကလာပ၊ ရွှေပြည်သာနှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၀

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၉ ရက် နံနက် ၁၁ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက် ဆရာစံလမ်း ရန်ကင်းစင်တာရှေ့ ကားပါကင်တွင် အောင်နိုင်သူကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် ၎င်းနေထိုင်သည့် မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၄)ရပ်ကွက်ခွဲ တကောင်း(၁)လမ်း အမှတ်(၈၀၁)ရှိ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၂၀၀၊ အိုက်စ် သုည ဒသမ ၀၃၅ ကီလိုကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၀)ရပ်ကွက် ပေါ်တော်မူလမ်း အမှတ် (၅၆၀-A)ရှိ တင်ကိုကျော်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ မဝေဝေထွန်းကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၇၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃နာရီတွင် ရွှေပြည်သာမြို့နယ် အမှတ်(၁၉) ရပ်ကွက် ဗိုလ်ချုပ်လမ်းတွင် ကျော်မြင့်ကို ယာဉ်တစ်စီးနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

မတ် ၁၉ ရက် ညနေ ၆နာရီတွင် တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု ဝှေလေလန်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် စိုင်းဆိုက်(ခ)အိုက်ဆမ် မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၂၀၄၀ တန်ဖိုးရှိ ကတ်တမင်း ၂၄ ကီလို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် မတ် ၂၀

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၃-၂၀၂၂ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆း၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရွှံသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇း၀၀ | နံနက်ခင်းသတင်း |
| ၀၈း၃၅ | နိုင်ငံအချုပ်အခြာအာဏာကို အခိုင်အမာ ရပ်တည်ကာကွယ်မည် |
| ၀၉း၁၀ | စိုက်ပျိုးရေးရာအဖြေရှာ |
| ၀၉း၃၀ | တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ကောင်းစရာများ (ဓာတုဗေဒဘာသာရပ်) |
| ၁၀း၀၀ | သတင်းထဲကသတင်း |
| ၁၀း၂၅ | (၇၇)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး |
| ၁၀း၃၅ | ဥတုသစ်ပင်ယှဉ်တွဲမြင်မြစိမ်းရောင်လွှင် တို့ပြည်တစ်ခွင် |
| ၁၀း၄၀ | ရာဇဝင်ထဲကသမိုင်းအနုပညာ |
| ၁၃း၃၀ | MRTV National News |
| ၁၅း၀၀ | သက်ကြီးအခြေခံစာတတ်မြောက်ရေးနည်းပြသင်တန်း |
| ၁၆း၃၅ | တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်ကောင်းစရာများ (ရူပဗေဒဘာသာရပ်) |
| ၁၆း၅၀ | (၇၇)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး |
| ၁၇း၀၀ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၈း၀၀ | ပြည်တွင်းသတင်း |
| ၁၈း၃၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၁၉း၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '**အောင်ပွဲပဏ္ဍိုင် ရင်ဆိုင်ချီတက်**' (အပိုင်း-၁၃) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁း၀၀ | တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း '**ကြယ်နှင့်အတူ**' (အပိုင်း-၁၇) |
| ၂၁း၄၅ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၂း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ '**အဝေးဆုံးသောနေရာ**' (အပိုင်း-၅၂) |

### mitv

| | |
|---|---|
| 07:01 | Mingalar Su Taung (Kyawt Kay Khaing) |
| 07:08 | TUK TUK In Myanmar (Pyin Oo Lwin) |
| 07:25 | Fine Arts Podium (Conch Shell Wind Instrument) |
| 07:39 | Mommy Cook: The Foster Mother |
| 08:01 | Aesthetic Chinlone |
| 08:26 | Tigers, Lions and the Guardians |
| 08:37 | Myanmar Tradition of Lotus Flower |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: Kazakhstan Pavilion at Expo 2020 Dubai |
| 09:35 | Daingnak Style |
| 09:48 | Kay Tu Mar Lar "The Family" |
| 10:02 | The Pride Of Myanmar Traditional Handicraft |

### MRTV NRC

**ပအိုဝ်း၊ ကရင် (၀၆း၀၀ မှ ၀၇း၀၀)**
ဖရဲသီးနှင့်ကျန်းမာရေး

**အနောက်ပိုးကရင် (၀၇း၀၀ မှ ၀၈း၀၀)**
မသန်သော်လည်းစွမ်းတဲ့သူ

**အရှေ့ပိုးကရင် (၀၈း၀၀ မှ ၀၉း၀၀)**
အုံးဖြတ်ကြိုးရာပဒုံဝဲမြေမှာ

**ချင်း (လိုင်ဇို) (၀၉း၀၀ မှ ၁၀း၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၁)

**ချင်း (ဇိုမီး) (၁၀း၀၀ မှ ၁၁း၀၀)**
အုံ့ဖွယ်ရုံးပတီသီးအစွမ်း

**မွန် (၁၁း၀၀ မှ ၁၃း၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ရခိုင် (၁၃း၀၀ မှ ၁၅း၀၀)**
ပြုံးပေဒဿာ

**ရှမ်း (၁၅း၀၀ မှ ၁၇း၀၀)**
လုပငန်းယဉ်ခမ်းတီးအဆင်

**ဝ (၁၇း၀၀ မှ ၁၉း၀၀)**
'ဝ' ရိုးရာယဉ်ကျေးမှုပြခန်း

**ကချင် (၁၉း၀၀ မှ ၂၁း၀၀)**
အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ထဲက ချစ်စရာရိုးရာအိမ်ကလေး

**ကယား (၂၁း၀၀ မှ ၂၃း၀၀)**
ပညာရှာမိုးသူများ

### MRTV NEWS

| | |
|---|---|
| ၀၆း၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆း၄၀ | အားကစားသတင်း |
| ၀၉း၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁း၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၄း၀၀ | MRTV National News |
| ၁၅း၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၈း၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉း၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀း၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁း၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁း၂၀ | သတင်းသမားပြောတဲ့သတင်းစကား |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉း၀၀ | အဖွင့်၊ အလံ |
| ၀၉း၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **အဝယ်ပလော်နဲ့** |
| ၁၀း၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀း၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၆) |
| ၁၁း၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ) (အပိုင်း-၂) |
| ၁၁း၃၀ | အတွေးအမြင် (အပိုင်း-၆) |

### MRTV FARMERS'

| | |
|---|---|
| ၀၆း၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆း၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆း၂၅ | မြန်မာ့အပူပိုင်းဒေသအတွက် ပျော့ရှာမြစ်ရေတင် |
| ၀၇း၁၅ | ဝါမျိုးစေ့သန့်စင်ဆေးဆိုးခြင်းအကြောင်းသိကောင်းစရာ |
| ၀၈း၂၅ | အလှတရားဝေဖြာမြန်မာ့အဏ္ဏဝါ(အပိုင်း-၁) |
| ၀၉း၂၀ | သရက်စိုက်ပျိုးဝင်ငွေတိုး |

### MRTV SPORTS

| | |
|---|---|
| ၀၆း၀၀ | အဖွင့် |
| ၀၆း၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇း၀၀ | Sports News |
| ၀၇း၃၀ | Soccer View/ Weekly Sports Info |
| ၀၇း၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈း၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀း၀၀ | ပြည်တွင်းသတင်း |

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀း၀၀) နာရီမှ ည (၁၀း၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## ရှမ်းပြည်နယ်အစိုးရအဖွဲ့က နောင်ခမ်းအောင်ဆုပန်ပရဟိတဘုန်းတော်ကြီး ပညာသင်ကျောင်းသို့ ဆွမ်းဆန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း



တာချီလိတ် မတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် နောင်ခမ်းအောင်ဆုပန်ပရဟိတ ဘုန်းတော်ကြီး ပညာသင်ကျောင်းသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆွမ်းဆန်အိတ် ၅၀ နှင့် အလှူငွေများလှူဒါန်းခြင်းကို မတ် ၂၀ ရက်နံနက် ၁၁ နာရီက အဆိုပါဘုန်းကြီးကျောင်းသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ တိုင်းမှူးတို့က လှူဖွယ်ပစ္စည်းများ ဆွမ်းဆန်များနှင့် နဝကမ္မအလှူငွေကျပ် သိန်း ၂၀ တို့ကို ကျောင်းထိုင်ဘုန်းတော်ကြီးအား ဆက်ကပ်လှူဒါန်းပေးကြပြီး ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ဆွမ်းဆန်များဆက်ကပ်လှူဒါန်းပေးကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်တာဝန်ရှိသူတို့သည်တာချီလိတ်နဂါးနှစ်ကောင် ဘုန်းကြီးကျောင်းသို့ သွားရောက်ကာ ဆရာတော်အားဖူးမြော်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်း၊ တိုင်းမှူးတို့က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေကျပ် သိန်း ၂၀ ဆက်ကပ်လှူဒါန်းပေးကြပြီး ဆရာတော်က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

■

## တောင်သူကုန်း-ဖအွံ့-မိန်းမလှကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

ဘားအံ မတ် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ကရင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဘားအံမြို့နယ် အတွင်းရှိ တောင်သူကုန်း-ဖအွံ့- မိန်းမလှကျွန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယနေ့ဖွင့်လှစ်သည့်လမ်းမှာ ကရင်-မွန် ဘားအံ-ဇာသပြင် အဖြောင့်လမ်းအား ချိတ်ဆက်သည့် လမ်းဖြစ်သည့်အတွက် ပြည်နယ်၏ ထုတ်ကုန်များစီးဆင်းနိုင်သည့် အဓိကလမ်းဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျေးရွာချင်းဆက်လမ်းများ ဖွင့်လှစ်ပေးနိုင်ခြင်းကြောင့် ကျေးလက်နေပြည်သူများ၏ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်ကောင်းမွန်ပြီး ဒေသတွင်းထုတ်ကုန်များအား ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်သို့ အမြန်ဆုံးတင်ပို့ရောင်းချနိုင်မည်ဖြစ်ကာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ၊ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် လမ်း၊ တံတားများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိမ်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)ဦးစောကျော်ဝင်းက လမ်းနှင့်ပတ်သက်သည်များအား ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများထံ လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများအား လက်ရောက်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ လူမှုရေးဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်တို့က လမ်းအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး လမ်းအားကြည့်ရှုစစ်ဆေး၍ ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



တောင်သူကုန်း-ဖအွံ့-မိန်းမလှကျွန်းလမ်းမှာ ၃ မိုင် ၄ ဖာလုံရှိပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ၆ လ ဘတ်ဂျက် ကျပ် ၂၁၈ ဒသမ ၇၅ သန်းဖြင့် ကြာအင်းအိမ်ကုမ္ပဏီမှ ကွန်ကရစ်လမ်း ၆ ဖာလုံအား ဆောင်ရွက်ပြီးစီး၍ ယနေ့ ဖွင့်လှစ်ခြင်းဖြစ်ပြီး ယခုအခါ ခြံကလေး-တောင်သူကုန်း-ဖအွံ့-မိန်းမလှကျွန်းလမ်း အရှည် ၉ မိုင်၅ ဖာလုံအား ၁၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် ၁၀၀ ရာခိုင်နှုန်းချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ချင်းပြည်နယ်ရှိ ပြည်သူ့ဝန်ထမ်းအိမ်ရာများ

**ခရမ်းစိုးမြင့်**

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်အကျဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး အကျယ်အဝန်းမှာ ၁၃၉၀၇ စတုရန်းမိုင် ကျယ်ဝန်းသည်။ တောင်တန်းထူထပ်မှုကြောင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ဖွံ့ဖြိုးမှုနည်းပါးသောဒေသဖြစ်သည်။ ချင်းပြည်နယ်ကို ခရိုင်လေးခု၊ မြို့နယ်ပေါင်း၂၀ ဖြင့် ဖွဲ့စည်းထားပြီး မြို့တော်မှာ ဟားခါးမြို့ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အထိ လူဦးရေမှာ ၅၃၄၇၄၆ ဦးရှိသည်။

### ဟားခါးမြို့ကို မြို့တော်အဖြစ် ပြောင်းလဲသတ်မှတ်

၁၉၅၈ ခုနှစ်တွင် ဖလမ်းမြို့နှင့် မင်းတပ်မြို့တို့၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို စတင်ဆောက်လုပ်ခဲ့ပြီး ဖလမ်းမြို့ကို ချင်းပြည်နယ်၏ မြို့တော်အဖြစ် သတ်မှတ်ခဲ့ရာမှ ၁၉၆၅ ခုနှစ်မှစ၍ ဟားခါးမြို့ကို မြို့တော်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကာ ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာများကို ၁၉၈၄ ခုနှစ်မှစတင်၍ တည်ဆောက်ခဲ့သည်။

ချင်းပြည်နယ်တွင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ယခင် အိုးအိမ်ဦးစီးဌာန)ကို ၁၉၈၄ ခုနှစ်မှစ၍ ဟားခါးမြို့၊ ဖလမ်းမြို့နှင့် မင်းတပ်မြို့တို့တွင် မြို့နယ်ဦးစီးမှူးရုံး ဖွင့်လှစ်ခဲ့ပြီး ဟားခါးမြို့တွင် ဝန်ထမ်းအငှားအိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် (အုတ်ညှပ်) အဆောက်အအုံ အလုံး ၃၀၊ အခန်းပေါင်း ၆၀ နှင့် နှစ်ခန်းတွဲတစ်ထပ် (ပျဉ်ထောင်) ၁၉လုံး၊ အခန်းပေါင်း၃၈ခန်း၊ စုစုပေါင်း ၄၉ လုံး၊ အခန်းပေါင်း ၉၈ ခန်း တည်ဆောက်ခဲ့သည်။ ဖလမ်းမြို့တွင် ဝန်ထမ်းအငှားအိမ်ရာ တစ်ထပ်သရိုးကိုင်အုတ်လုံးချင်း ၄၀ နှင့် နှစ်ခန်းတွဲတစ်ထပ် သရိုးကိုင်အုတ်ငါးလုံး၊ အခန်း ၁၀ ခန်း စုစုပေါင်း အခန်း ၅၀ တည်ဆောက်ခဲ့ပြီး မင်းတပ်မြို့တွင် ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာ လေးခန်းတွဲတစ်ထပ် သစ်သား ၁၂ လုံး၊ ၄၈ ခန်း တည်ဆောက်ပေးခဲ့သည်။

### နိုင်ငံ့ဝန်ထမ်းအိမ်ရာ

ချင်းပြည်နယ်အတွင်းရှိ ဟားခါးမြို့၊ ထန်တလန်မြို့၊ ဖလမ်းမြို့၊ ရိခေါဒါရ်မြို့၊ တီးတိန်မြို့၊ ကျီခါးမြို့၊ မင်းတပ်မြို့၊ ကန်ပက်လက်မြို့၊ မတူပီမြို့၊ ရေဇွာမြို့နှင့် ဆမီးမြို့တို့တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထိ ဝန်ထမ်းအိမ်ရာတိုက် ၁၂၇ လုံး၊ အခန်းပေါင်း ၄၃၅ ခန်း တည်ဆောက်ပြီးစီး၍ နိုင်ငံ့ဝန်ထမ်းများကို နေရာချထားပေးခဲ့သည်။ နိုင်ငံ့ဝန်ထမ်းအိမ်ရာတွင် နေထိုင်ခွင့်ရရှိသော နေအိမ်ခန်းများအတွက် ငှားရမ်းခအနေဖြင့် ယခုအခါ တစ်လလျှင် အရာထမ်းဝန်ထမ်းများအတွက် မူရင်းလစာ၏ ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း၊ အမှုထမ်းဝန်ထမ်းအတွက် မူရင်းလစာ၏ သုံးရာခိုင်နှုန်းဖြင့်လည်းကောင်း သတ်မှတ်ကောက်ခံလျက်ရှိသည်။



ဖလမ်းမြို့မှ ဝန်ထမ်းအိမ်ရာများကိုတွေ့ရစဉ်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၊ ထန်တလန်မြို့၊ ဖလမ်းမြို့၊ ရိခေါဒါရ်မြို့၊ တီးတိန်မြို့၊ ကျီခါးမြို့၊ မင်းတပ်မြို့၊ ကန်ပက်လက်မြို့၊ မတူပီမြို့၊ ရေဇွာမြို့နှင့် ဆမီးမြို့တို့အပြင် တွန်းဇံမြို့၊ လိုင်လင်းပီမြို့၊ ခိုင်ကမ်းမြို့နှင့် မကွီအိမ်နူးမြို့တို့၌ ဝန်ထမ်းအိမ်ရာများ ထပ်မံတိုးချဲ့တည်ဆောက်သည့်အတွက် ချင်းပြည်နယ်ရှိ မြို့နယ်ပေါင်း ၁၅ မြို့နယ်တွင် ဝန်ထမ်းအိမ်ရာ တိုက် ၁၄၉ လုံး၊ အခန်းပေါင်း ၅၈၆ ခန်းရှိလာပြီဖြစ်သည်။

### အိမ်ခန်း ၄၃၅ ခန်းကို ဝန်ထမ်းများအား နေရာချထားပေးနိုင်ခဲ့

ထို့အပြင် ချင်းပြည်နယ် ဟားခါးမြို့တွင် ပြည်သူ့အငှားအိမ်ရာအနေဖြင့် လေးခန်းတွဲသုံးထပ် နှစ်လုံး၊ အခန်းပေါင်း ၂၄ ခန်း တည်ဆောက်ခဲ့ပြီး အခန်းအရွယ်အစားမှာ ၆၉၃ စတုရန်းပေရှိသည်။ ၎င်းအခန်းများကို ယခုအခါ ပြည်သူများအား နေရာချထားပေးခဲ့ပြီး အခန်းငှားရမ်းခအနေဖြင့် တစ်လလျှင် မြေညီထပ် ကျပ် ၃၂၀၀၀ တိတိ၊ ပထမထပ်တွင် ကျပ် ၃၁၀၀၀ တိတိနှင့် ဒုတိယထပ် ကျပ် ၃၀၀၀၀ တိတိနှုန်းဖြင့် သတ်မှတ်ကောက်ခံလျက်ရှိသည်။ ချင်းပြည်နယ်အတွင်းရှိ မြို့နယ်များ၏ မြို့ပေါ်တွင် နိုင်ငံ့တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအင်အား စုစုပေါင်း ၁၃၄၇၈ ဦးရှိပြီး ဒေသခံဝန်ထမ်း ၁၀၃၅၅ ဦး၊ အခြားဒေသမှ လာရောက်သော ဝန်ထမ်း ၃၀၈၃ ဦး၊ ကိုယ်ပိုင်အိမ်ရှိဝန်ထမ်း ၆၂၀၀၊ သက်ဆိုင်ရာဌာနဝန်ထမ်းအိမ်ရာတွင် နေထိုင်သည့်ဝန်ထမ်း ၄၂၉၂ ဦးရှိသည်ဖြစ်ရာ ချင်းပြည်နယ်၌ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက စီမံခန့်ခွဲလျက်ရှိသော အိမ်ခန်း ၄၃၅ ခန်းကို ဝန်ထမ်းများအား နေရာချထားပေးနိုင်ခဲ့သည်ဟု သိရသည်။

> **၁၉၅၈ ခုနှစ်တွင် ဖလမ်းမြို့နှင့် မင်းတပ်မြို့တို့၌ နိုင်ငံ့ဝန်ထမ်းအိမ်ရာများကို စတင်ဆောက်လုပ်ခဲ့ပြီး ဖလမ်းမြို့ကို ချင်းပြည်နယ်၏ မြို့တော်အဖြစ်သတ်မှတ်ခဲ့ရာမှ ၁၉၆၅ ခုနှစ်မှစ၍ ဟားခါးမြို့ကို မြို့တော်အဖြစ် ပြောင်းလဲသတ်မှတ်ခဲ့ကာ ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာများကို ၁၉၈၄ ခုနှစ်မှစတင်၍တည်ဆောက်ခဲ့**

### မြို့နယ်ပေါင်း ၁၀ မြို့နယ်

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြို့နယ်ပေါင်း ၁၀ မြို့နယ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၄၉၄၀ ဒသမ ၅၃၀ သန်းဖြင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၂၂ လုံး၊ အခန်းပေါင်း ၁၅၁ ခန်းနှင့် Infrastructure လုပ်ငန်း ၂၅ ခုတည်ဆောက်ပေးလျက်ရှိသည်။ တည်ဆောက်ရေးလုပ်ငန်းတွင် လုပ်ငန်းပြီးစီးမှုမှာ ဝန်ထမ်းအိမ်ရာအဆောက်အအုံ ၇၀ ရာခိုင်နှုန်းနှင့် Infrastructure လုပ်ငန်း ကိုးရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းသိရသည်။

မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ချင်းပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်ခဲ့သော တည်ဆောက်ရေးလုပ်ငန်းများမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံ တစ်လုံး၊ ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၂၃၇ ဒသမ ၀၀၀၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံလေးလုံး၊ ခွင့်ပြုရန်ပုံငွေစုစုပေါင်းကျပ်သန်းပေါင်း ၈၈၀ ဒသမ ၀၀၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံနှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲသုံးထပ် RCC အဆောက်အအုံတစ်လုံး၊ (ဝန်ထမ်းအိမ်ရာ+ ရုံးခန်း) နှစ်ခန်းတွဲသုံးထပ် RCCအဆောက်အအုံတစ်လုံး၊ ဖလမ်းမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ နှစ်ထပ် RCC အဆောက်အအုံနှစ်လုံး၊ (ဝန်ထမ်းအိမ်ရာ+ရုံးခန်း) တစ်ခန်းတွဲသုံးထပ် RCC အဆောက်အအုံတစ်လုံး၊ မင်းတပ်မြို့၌ (ဝန်ထမ်းအိမ်ရာ + ရုံးခန်း) တစ်ခန်းတွဲသုံးထပ် RCC အဆောက်အအုံတစ်လုံး၊

စာမျက်နှာ ၁၇ သို့ ✧



မင်းတပ်မြို့မှ ဝန်ထမ်းအိမ်ရာများကိုတွေ့ရစဉ်။



ချင်းပြည်နယ်၏မြို့တော် ဟားခါးမြို့မှ ဝန်ထမ်းအိမ်ရာများကိုတွေ့ရစဉ်။

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

နေပြည်တော် မတ် ၂၀

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရှိသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပွဲပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုးပမ်းဆောင်ရွက်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG ၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရီ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မှန်မြတ်လှသည့်ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ရန်ကုန်တိုင်းဒေသကြီးတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကျင်းပရေး တာဝန်ရှိသူများနှင့် တွေ့ဆုံ

ရန်ကုန် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အား ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ရေး သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းကို မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ခိုင်က ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများဖွဲ့စည်းထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးနှင့် ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးက ယခင်ရန်ကုန်တိုင်းဒေသကြီး သင်္ကြန်ပွဲတော်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက လုပ်ငန်းကော်မတီအလိုက် သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေး တင်ပြကြသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တက်ရောက်လာသူများက သင်္ကြန်ပွဲတော် ကျင်းပနိုင်ရေး လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်္ကြန်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များကို ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအားလုံး ပေါင်းစပ်ညှိနှိုင်းပြီး ဆောင်ရွက်ပေးကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကျင်းပနိုင်ရေး အလေးထားဆောင်ရွက်ကြရန် ပြောကြားသည်။



**တိုင်းဒေသကြီး (ပြန်/ဆက်)**

✧ စာမျက်နှာ ၁၆ မှ

ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံနှစ်လုံး၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၆၇၉ ဒသမ ၁၀၊ ၂၀၁၇-၂၀၁၈ ခုနှစ် (ဧပြီလမှ စက်တင်ဘာလ)အထိ ခြောက်လဘတ်ဂျက်တွင် ဝန်ထမ်းအိမ်ရာဝယ်ယူတည်ဆောက်မှုမရှိခဲ့ပါ။

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ် RCC အဆောက်အအုံသုံးလုံး၊ ဖလမ်းမြို့၌ ဝန်ထမ်းအိမ်ရာ



ချင်းပြည်နယ် ထန်တလန်မြို့မှ ဝန်ထမ်းအိမ်ရာများကိုတွေ့ရစဉ်။

နှစ်ခန်းတွဲ နှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ မင်းတပ်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ ကန်ပက်လက်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ မတူပီမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ စုစုပေါင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၉၆၇ ဒသမ ၄၈၄၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲသုံးထပ် RCC အဆောက်အအုံတစ်လုံး၊ ဖလမ်းမြို့၌ ဝန်ထမ်းအိမ်ရာလေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ တီးတိန်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံနှစ်လုံး၊ မင်းတပ်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ ကန်ပက်လက်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ လိုင်လင်းပီမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ စုစုပေါင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၉၄၄ ဒသမ ၆၀၀၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲ သုံးထပ် RCC အဆောက်အအုံတစ်လုံး၊ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံနှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ် RCC အဆောက်အအုံနှစ်လုံး၊ ဖလမ်းမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် RCC အဆောက်အအုံတစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ် နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲသုံးထပ်တစ်လုံး၊ ဝန်ထမ်းအိမ်ရာ တစ်ခန်းတွဲသုံးထပ်တစ်လုံး၊ မင်းတပ်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲသုံးထပ် တစ်လုံး၊ ကန်ပက်လက်မြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ်နှစ်လုံး၊ မတူပီမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် သုံးလုံး၊ ထန်တလန်မြို့၌ ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲနှစ်ထပ် တစ်လုံး၊ တွန်းဇံမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် တစ်လုံး၊ ခိုင်ကမ်းမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် တစ်လုံး၊ မကွီးအိမ်နူးမြို့၌ ဝန်ထမ်းအိမ်ရာ လေးခန်းတွဲနှစ်ထပ် တစ်လုံး စုစုပေါင်းခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၃၁၉၄ ဒသမ ၇၆၅ တို့ဖြစ်ကြောင်း သိရသည်။ ။

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့်အီးမေးလ် လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ

# အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဂုဏဝိသိဋ္ဌ ပူဇော်ပွဲပြုလုပ်

နေပြည်တော် မတ် ၂၀

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ရှိ ပရိယတ္တိစာသင်တိုက်၌ ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကြီး၏ သက်တော် ၈၃ နှစ်ပြည့် ဝိဇာတ မွေးနေ့မင်္ဂလာနှင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဂုဏဝိသိဋ္ဌ ပူဇော်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြုလုပ်ရာ သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူ ဆေးရုံတော်များ၏ အဓိပတိမဟာနာယက ရွှေကျင် ဂိုဏ်းလုံးဆိုင်ရာ ဥပအဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ အမှူးပြုသော သံဃာ တော်များကြွရောက်တော်မူကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ



တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မွန်ပြည်နယ် မော်လမြိုင်မြို့ မောင်ငံရပ် မြစေတီရဲကျောင်းပရိယတ္တိ စာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဝိနယ ပါဠိပါရဂူ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီတဂူဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူ ဆေးရုံတော်များ၏ အဓိပတိမဟာနာယက ရွှေကျင် ဂိုဏ်းလုံးဆိုင်ရာ ဥပအဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာယူ ကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ် တော်ရ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ မဟာ ထေရ်မြတ်၏ ဂုဏဝိသိဋ္ဌ ထပ်ဆင့်ဂုဏ်ပြု ပူဇော်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ အင်းစိန်ရွာမ ပရိယတ္တိ စာသင်တိုက် တိုက်အုပ်နာယက ဆရာတော် ဘဒ္ဒန္တ ဇနိတာဘိဝံသက ကျေးဇူးတင်စကားမြွက်ကြားပြီး တက်ရောက်လာကြသူများက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်း ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးထွန်းအုံ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ကြည့်ရှုစစ်ဆေး

မြောက်ဦး မတ် ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းအုံသည် ရခိုင်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး သက်လွင်၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ကျော်ဦးလွင်၊ တာဝန်ရှိ သူများနှင့်အတူ ယမန်နေ့ နံနက် ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦး ယဉ်ကျေးမှု အမွေအနှစ်ဒေသသို့ ရောက်ရှိရာ သျှစ်သောင်းပုထိုး တော်ကြီးအဝင် မုခ်ဦးရှိ အာရှ - ပစိဖိတ်ဒေသ မှတ်တမ်းအမွေ အနှစ်စာရင်းဝင် အာနန္ဒစန္ဒြ ကျောက်စာတိုင်ကို လေ့လာ ကြည့်ရှုပြီး ကမ္ဘာ့မှတ်တမ်းအမွေ အနှစ်စာရင်း တင်သွင်းထားဆဲ ဖြစ်၍ စနစ်တကျထိန်းသိမ်း စောင့်ရှောက်ရန်နှင့် အာနန္ဒစန္ဒြ ကျောက်စာနှင့် ပတ်သက်၍ ဝေသာလီခေတ် အေဒီ ၄ ရာစုမှ အေဒီ ၁၀ ရာစုအထိ ခေတ်အဆက်ဆက် ရေးထိုးခဲ့သည်ကို ပြည်သူ လူထု သိရှိနားလည်စေရေး ပြည့်ပြည့်စုံစုံ ဖော်ပြပေးရန်



မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် သျှစ်သောင်းပုထိုးတော်ကြီးသို့ရောက်ရှိပြီး မိုးယိုစိမ့်မှု အခြေအနေ၊ ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရန် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ပညာရှင် များ၏ စိစစ်အကြံပြုချက်များ နှင့်အညီ ပြုပြင်ထိန်းသိမ်းရန် မှာကြားသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး နှင့်အဖွဲ့သည် အံတော်သိမ်ဘုရား၊ လောင်ပွန်းပြောက် ဘုရား၊ ချိန်ကိုက် ပိဋကတ်တိုက်၊ ထုက္ကန် သိမ်ဘုရားတို့ကို ကြည့်ရှုစစ်ဆေး ပြီး မြောက်ဦးဒေသသည် အမျိုးသားအဆင့် ယဉ်ကျေးမှု အမွေအနှစ်ဒေသဖြစ်ပြီး ကမ္ဘာ့ အမွေအနှစ်စာရင်း တင်သွင်းထား သည်နှင့်အညီ သမိုင်းတန်ဖိုးနှင့် ယဉ်ကျေးမှုတန်ဖိုးများ မြင့်မား သဖြင့် ရေရှည်တည်တံ့စေရန်နှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ရှေးဟောင်း အဆောက်အအုံကို ထိန်းသိမ်းရာတွင် ရှေးမူလက်ရာ မပျက် ထိန်းသိမ်းရေး၊ ကျူးကျော် တည်ဆောက်မှုများ မရှိစေရေး၊ သာသနိက အဆောက်အအုံများ ကိုလည်း သံဃာအဖွဲ့အစည်း အဆင့်ဆင့်၏ စိစစ်ထောက်ခံချက်၊ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ နှင့်အညီ ထိန်းသိမ်းစောင့်ရှောက် ရန် ဒေသခံပြည်သူများကို အသိ ပညာပေးရန်နှင့် ရှေးဟောင်းအမွေ အနှစ် မြင်ကွင်းမထိခိုက်စေရေး အတွက် အဆောက်အအုံအသစ် တည်ဆောက်မှုမှန်သမျှကို စနစ် တကျစိစစ်သွားရန် မှာကြားခဲ့ ကြောင်း သိရသည်။ **သတင်းစဉ်**

# နမ့်စန်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

နမ့်စန် မတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ပထမခြောက်လ ပတ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၁၃ ဒသမ ၃၈၆ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် စိမ်းလဲ့ဖြူကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်သည့် နမ့်စန်မြို့နယ် နားရိုင်း-ကုန်းမလမ်းမှ မောက်မယ်-ဆီဆိုင် ဆက်သွယ် သောလမ်း ၁/၀ မိုင် ကျောက်ချောခင်းခြင်းနှင့် နမ့်စန်မြို့နယ် နောင်စန့်-နောင်ဘို ၇/၄ မိုင်လမ်းပေါ်တွင် ၃၅ ပေ ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ် ကြောင်း သိရသည်။ ငွေကြယ်



## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဓမ္မသေနာပတိ ပန္နရသမ ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တဝိဇ္ဇောတ မဟာထေရ်မြတ်ကြီး ဘ၀နတ်ထံ ပျံလွန်တော်မူ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက်၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ၊ ဓမ္မသေနာပတိ၊ ပန္နရသမ ရွှေကျင်သာသနာပိုင် ဘဒ္ဒန္တဝိဇ္ဇောတ (အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော်(၄)ရက် (၂၀-၃-၂၀၂၂) တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၁၂ မိနစ်အချိန်တွင် ဘ၀နတ်ထံပျံလွန်တော်မူကြောင်းနှင့် ၂၂-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အန္တိမအဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

# သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါရှိ ပန္နရသမ ရွှေကျင်သာသနာပိုင် ဝိဇ္ဇောတာရုံ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၊ အန္တိမအဂ္ဂိစျာပနအတွက် အလှူငွေများ ပေးအပ်

နေပြည်တော် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြစံပယ်လမ်း ဝိဇ္ဇောတာရုံစာသင်တိုက် ဦးစီးပဓာနနာယက ရွှေကျင်နိကာယဓိပတိဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ ပန္နရသမရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာအဂ္ဂ မဟာသဒ္ဓမ္မဇောတိက နိုင်ငံတော်ဩဝါဒါစရိယ ဝိဇ္ဇောတာရုံဆရာတော်ကြီးသည် ယနေ့နံနက် ၂ နာရီ ၁၂ မိနစ်တွင် ဘ၀နတ်ထံ ပျံလွန်တော်မူခဲ့သည်။



အဆိုပါ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ယနေ့ ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုကာ အန္တိမ အဂ္ဂိစျာပနသဘင် ပြုလုပ်နိုင်ရေးအတွက် လိုအပ်သည်များ လျှောက်ထားတင်ပြခဲ့ပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆရာတော်ကြီးသည်သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါထိတိုင် သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို ကြိုးပမ်းဆောင်ရွက်တော် မူခဲ့ကြောင်း၊ ကွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၆ ရက် (မတ် ၂၂ ရက်) ညနေ ၅ နာရီတွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နေ့ဆွမ်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၀

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင် ကျောင်းတိုက်နှင့် နောင်ခမ်းအောင်ဆုပန်ပရဟိတ (အခမဲ့) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ အုန်းပင်ကျေးရွာအုပ်စု တောင်ပယကျေးရွာနှင့် မြောက်ပယကျေးရွာတို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အနောက်ကြို့ကုန်းရပ်ကွက်ရှိ ရတနာသီခကျောင်းတိုက်၊ မှော်ဘီမြို့နယ် သန္ဓေပင်ကျေးရွာရှိ သိင်္ဂီဦးစာသင်တိုက်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ သန္တိသုခမဟာစည် သာသနာ့ရိပ်သာ၊ ရခိုင်ပြည်နယ် အမ်းမြို့ အောက်ရွာဘုန်းတော်ကြီးကျောင်း၊ မြို့ဦးဘုန်းတော်ကြီးကျောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဝေဠုဝန်စာသင်တိုက်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့ သာသနဟိတကာရီ ဘုရင့်နောင်တပ်ဦးကျောင်းတိုက်တို့ရှိ ဆရာတော်၊ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ နဝကမ္မအလှူငွေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယာဓိပတိဥက္ကဋ္ဌ ဓမ္မသေနာပတိ၊ ပန္နရသမ ရွှေကျင်သာသနာပိုင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် ဝိဇ္ဇောတာရုံစာသင်တိုက် ဦးစီးပဓာနမဟာနာယကဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတ (အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက) ၏ ထေရုပ္ပတ္တိအကျဉ်း



**ဖွားမြင်တော်မူခြင်း**

ဆရာတော်လောင်းလျာသည် မွန်ပြည်နယ် မုဒုံမြို့နယ် စာစဉ်ရပ်ကွက် ခမည်းတော် ဦးနု+မယ်တော် ဒေါ်ထွားတို့မှ ၁၂၉၁ ခုနှစ် တပေါင်းလဆန်း ၇ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

**ရှင်ရဟန်းပြုတော်မူခြင်း**

ဆရာတော်လောင်းလျာသည် ၁၃၀၄ ခုနှစ်တွင် မုဒုံမြို့ ကျောက်ဝိုင်းစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဇဝနကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၁ ခုနှစ်တွင် ဗဟန်းမြို့နယ် ကံသာကျောင်းသစ်ကျောင်း သီလဝိသောဓနီသိမ်တော်၌ ကျောက်ဝိုင်းကျောင်းဆရာတော် ဘဒ္ဒန္တဇဝနကိုပင် ဥပဇ္ဈာယ်ပြု၍ ရန်ကုန်မြို့ ဦးဖေသိန်း+ဒေါ်ကြင်ရန်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

**ပရိယတ္တိစာပေ သင်ယူဆည်းပူးတော်မူခြင်း**

ဆရာတော်သည် မုဒုံမြို့ ကျောက်ဝိုင်းကျောင်းဆရာတော် ဘဒ္ဒန္တဇဝန၊ ဖားအောက်မဟာဝံသာရုံကျောင်းဆရာတော်၊ မော်လမြိုင်မြို့ မဟာမြိုင် ရွှေကျင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတ၊ မြောင်းမြမြို့ ပဇ္ဇောတာရုံကျောင်းတိုက် ဒသမရွှေကျင်သာသနာပိုင်ဆရာတော်၊ တိုက်အုပ် ပန်းကုံးဆရာတော် ဘဒ္ဒန္တဥာဏိက၊ ဘဒ္ဒန္တဣန္ဒဝံသစသော ဆရာတော်များနှင့် ကမ္ဘာအေးကုန်းမြေ၊ ဗုဒ္ဓတက္ကသိုလ်နာယကစာချ ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး သာသနဓဇသိရီပဝရဓမ္မာစရိယ သိရောမဏိနှင့် Dip.BD ဘွဲ့တို့ကို ရရှိတော်မူခဲ့ပါသည်။

**သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း**

ဆရာတော်သည် မရမ်းကုန်းမြို့နယ် ဝိဇ္ဇောတာရုံစာသင်တိုက်၌ စာသင်သား ရဟန်း/သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချတော်မူခဲ့ခြင်း၊ ရေးသားပြုစုတော်မူခဲ့ခြင်း၊ သာသနိကအဆောက်အအုံများ တည်ဆောက်ပြုပြင်မွမ်းမံခဲ့ခြင်းနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ စွယ်တော်မြတ်စေတီတော် ဂေါပကအဖွဲ့တို့၏ ဩဝါဒါ စရိယဆရာတော်အဖြစ်လည်းကောင်း၊ သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ဝိနည်းဓိုရ်အဖြစ်လည်းကောင်း၊ ပန္နရသမ ရွှေကျင်သာသနာပိုင်အဖြစ်လည်းကောင်း၊ နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း**

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတရေဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဍ္ဍနဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၁၃၇၉ ခုနှစ်တွင် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့၊ ၁၃၈၂ ခုနှစ်တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်မြတ်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

**ဘ၀နတ်ထံပျံလွန်တော်မူခြင်း**

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် (၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါအရ ၁၃၈၃ ခုနှစ် တပေါင်းလပြည့်ကျော် ၄ ရက် (၂၀-၃-၂၀၂၂) တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၁၂ မိနစ်အချိန်တွင် ဘ၀နတ်ထံပျံလွန်တော်မူကြောင်းနှင့် ၂၂-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီအချိန်တွင် ကိုဗစ်-၁၉ ရောဂါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အန္တိမ အဂ္ဂိစျာပနပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## မမွှ ပုံပြင်

# ညီအစ်ကိုနှစ်ယောက်

**မင်းယုဝေ**

တစ်နေ့သ၌ ညီအစ်ကိုနှစ်ယောက်သည် ခရီးတစ်ခုကို အတူသွားကြသည်။ မွန်းတည့်ချိန်သို့ ရောက်သောအခါ သူတို့သည် တောအုပ်တစ်ခုသို့ ရောက်ကြသဖြင့် ခေတ္တရပ်နားကာ အပန်းဖြေရင်း အိပ်စက်ကြသည်။

အတန်ကြာ၍ အိပ်ရာမှနိုးသောအခါ သူတို့သည် အနီး၌ ကျောက်တုံးတစ်တုံးကို တွေ့၏။ ကျောက်တုံးပေါ်၌ စာများရေးထိုးထားရာ သူတို့သည် ဖတ်ရှုကြည့်ရာတွင် ဤသို့တွေ့ရသည်။

"ဤကျောက်တုံးကို တွေ့သူသည် နံနက်စောစော အချိန်တွင် တောနက်ထဲသို့ ဝင်သွားပါ။ တောနက်ထဲ၌ မြစ်တစ်ခုကို တွေ့ရပါလိမ့်မည်။ ထိုမြစ်ကို ကူးဖြတ်၍ တစ်ဖက်ကမ်းသို့ ရောက်အောင်သွားပါ။ တစ်ဖက်ကမ်းတွင် ဝက်ဝံမကြီးတစ်ကောင်နှင့် သားငယ်ကလေးများကို တွေ့ရလိမ့်မည်။ ထို့ပြင် တောင်တစ်လုံးကိုလည်း တွေ့ရလိမ့်မည်။ ထိုဝက်ဝံမကြီးထံမှ သားငယ်ကလေးများကို ယူဆောင်ကာ နောက်သို့လှည့်မကြည့်ဘဲ တောင်ပေါ်သို့ ပြေးတက်သွားပါ။ တောင်ထိပ်တွင် အိမ်တစ်ဆောင်တွေ့ရပြီး ထိုအိမ်ထဲ၌ 'ပျော်ရွှင်ချမ်းမြေ့ခြင်း' ကို တွေ့ရှိရလိမ့်မည်"။

ဤစာကို ဖတ်ရသောအခါ ညီငယ်က...

"အစ်ကို၊ ငါတို့နှစ်ဦးသည် စာပါအတိုင်း စွန့်စားသွားကြရအောင်၊ တောနက်ထဲကိုရောက်လို့ မြစ်ကိုတွေ့ရင် အတူကူးဖြတ်သွားကြရအောင်၊ မြစ်တစ်ဖက်ကိုရောက်လို့ ဝက်ဝံကလေးကိုတွေ့ရင် အတူဖမ်းယူကြရအောင်။ နောက်ပြီးတော့ တောင်ထိပ်ပေါ်ကို ပြေးတက်သွားပြီး 'ပျော်ရွှင်ချမ်းမြေ့ခြင်း' ကို အတူခံစားနေကြရအောင်" ဟူ၍ ပြောဆိုသည်။

အစ်ကိုသည် ညီငယ်ကဲ့သို့ မစွန့်စားလို။ ထို့ကြောင့် သူက...

"ညီမောင်၊ ငါကတော့ ကျောက်စာညွှန်းအတိုင်း မပြုချင်ဘူး၊ မင်းလည်းမပြုဖို့ ငါအကြံပေးပါတယ်။ ရေးထားတဲ့စာတွေဟာ အမှန်တကယ်ဖြစ်လိမ့်မယ်လို့ဘယ်သူမှ မပြောနိုင်ဘူး။ တစ်ယောက်ယောက်ကနောက်ပြောင်ရေးထားတာ မဖြစ်နိုင်ဘူးလို့ကော ဘယ်သူပြောနိုင်မလဲ။ တကယ်လို့ရေးထားတဲ့အချက်တွေ မှန်တယ်ထားပါဦး။ ငါတို့တောနက်ထဲကိုဝင်တဲ့အချိန်မှာ မြစ်ကိုမတွေ့ခင် နေဝင်သွားရင် မခက်ပါလား။ ဒီအခါ လမ်းပျောက်ပြီး ဒုက္ခမရောက်နိုင်ပါလား။ တကယ်လို့ နေမဝင်ခင် မြစ်ကိုတွေ့တယ်ထားဦး တစ်ဖက်ကမ်းကိုရောက်အောင် ငါတို့ကူးဖြတ်နိုင်ပါ့မလား။ မြစ်ကကျယ်ပြီး ရေစီးသန်နေရင်ကောမခက်ပါလား။ တကယ်လို့ မြစ်ကိုကူးဖြတ်နိုင်တယ်ထားဦး။ ဝက်ဝံမကြီးဆီက ဝက်ဝံကလေးတွေကိုကော ယူနိုင်ပါ့မလား။ ဝက်ဝံမကြီးကကော ငါတို့ကို ကိုက်မသတ်ဘူးလို့ ဘယ်သူပြောနိုင်ပါ့မလဲ။ တကယ်လို့ ဝက်ဝံမကြီးဆီက ဝက်ဝံကလေးတွေကို ယူနိုင်တယ်ထားဦး၊ တောင်ထိပ်ကို ရောက်အောင် ငါတို့မနားတမ်း တက်နိုင်ပါ့မလား။ ဒါတွေထက် အရေးကြီးဆုံးက ကျောက်စာမှာ 'ပျော်ရွှင်ချမ်းမြေ့ခြင်း' ကို တွေ့ရမယ်လို့ ဆိုထားပေမယ့် ဘယ်လို 'ပျော်ရွှင်ချမ်းမြေ့ခြင်း' ဆိုတာ ခွဲခြားဖော်ပြမထားဘူး။ တကယ်လို့ ငါတို့အလိုရှိတဲ့ ပျော်ရွှင်ချမ်းမြေ့ခြင်းမျိုး ဖြစ်မနေရင်ကော မခက်ပါလား" ဟူ၍ ပြောဆိုသည်။ ထိုအခါ ညီငယ်က...

"အင်း.. သည်နေရာမှာ အစ်ကိုနဲ့ညီမောင် အယူအဆချင်းမတူတော့ဘူး။ ညီမောင်ကတော့ ကျောက်စာညွှန်းဟာ အထင်အရှားဖြစ်နေတာမို့ အမှားဖြစ်လိမ့်မယ်လို့ မထင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ညီမောင်တို့ စွန့်စားဆောင်ရွက်ရန် ဘေးအန္တရာယ် ရှိနိုင်မယ်မထင်ဘူး။ တကယ်လို့ သည်အမှုကို ညီမောင်တို့ လျစ်လျူရှုလိုက်ရင် တစ်ယောက်ယောက်က အရေးယူမှုပြုမှာ မုချပဲ။ သည်အခါ ညီမောင်တို့အဖို့ လက်ထဲကို အခွင့်အရေးရောက်လာပါလျက်နဲ့ လက်လွှတ်လိုက်ရသလိုဖြစ်တော့မှာပေ့ါ။ လောကမှာ စွန့်စားဆောင်ရွက်ခြင်း မရှိသရွေ့ အောင်မြင်ခြင်းဆိုတာ ဖြစ်မလာနိုင်ပါဘူး။ ညီမောင်အဖို့ စွန့်စားဆောင်ရွက်ခြင်းကို ဦးမလေးဘူးအစ်ကို" ဟူ၍ ဆိုလေသည်။ အစ်ကိုက ...

"ကြီးစွာသော ပျော်ရွှင်ချမ်းမြေ့ခြင်းကို ရှာကြံရင်း သာယာမှုကလေးများ ကွယ်ပျောက်ရတယ်။ ချုံထဲမှာရှိတဲ့ငှက်နှစ်ကောင်ထက် မိမိလက်ထဲမှာရှိတဲ့ ငှက်တစ်ကောင်က ပိုတန်ဖိုးရှိတယ်ဆိုတဲ့ စကားပုံတွေရှိတာကို ငါ့ညီသတိပြုဦးမှပေ့ါကွယ်"ဟူ၍ ပြောဆိုပြန်သည်။ ညီငယ်ကလည်း ....

"သစ်ရွက်ကို စိုးကြောက်သူဟာ တောထဲကို မသွားရဘူး။ လှုပ်ရှားခြင်းမရှိတဲ့ ကျောက်တုံးအောက်မှာ ရေမစီးဆင်းနိုင်ဘူးဆိုတဲ့ဆိုရိုးစကားများလည်း ရှိပါတယ်အစ်ကို" ဟူ၍ ပြန်လည်ချေပပြောဆိုသည်။

သို့ဖြင့် နောက်ဆုံးတွင် အစ်ကိုက မလိုက်ဘဲ နေရစ်ခဲ့ကာ ညီငယ်တစ်ဦးတည်း နံနက်စောစော အချိန်တွင် တောနက်အတွင်းသို့ ဝင်သွားလေသည်။

ညီငယ်သည် တောနက်အတွင်းသို့ ဝင်သွားပြီး မကြာမီပင် မြစ်ကိုတွေ့သည်။ သူသည် မြစ်ကို ကူးဖြတ်ရာ တစ်ဖက်ကမ်းသို့ချောမောစွာရောက်သွားသည်။ ထို့နောက် တစ်ဖက်ကမ်း၌ ဝက်ဝံမကြီးနှင့် သားငယ်ကလေးများကိုတွေ့သည်။ ဝက်ဝံမကြီးသည် အိပ်နေသည်။ ညီငယ်သည် ဝက်ဝံကလေးများကို အလွယ်တကူပင် ဖမ်းယူနိုင်ခဲ့သည်။ သူသည် ယင်းတို့ကို ရင်ခွင်ထဲ၌ပိုက်ကာ တောင်ထိပ်ပေါ်သို့ မနားတမ်းပြေးတက်သွားသည်။ တောင်ထိပ်သို့ ရောက်သောအခါ လူအချို့သည် ရထားတစ်စီးနှင့် စောင့်ဆိုင်းလျက်ရှိသည်ကို တွေ့ရသည်။ ထိုသူတို့သည် ဝမ်းမြောက်ဝမ်းသာပင် ညီငယ်ကို ဆီးကြိုကြသည်။ ထို့နောက် ရထားဖြင့်တင်ကာ မြို့တော်သို့ ခေါ်ဆောင်သွားသည်။ မြို့တော်သို့ ရောက်သောအခါ ညီငယ်ကို ဘုရင်တင်မြှောက်ကြလေသည်။

ညီငယ်သည် ထိုမြို့တော်၌ ငါးနှစ်တိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘုရင်လုပ်လျက်နေသည်။ ခြောက်နှစ်မြောက်သော နှစ်တွင်ကား အခြားဘုရင်တစ်ပါးသည် သူ့ကိုလာ၍ စစ်ပြုသည်။ ထိုဘုရင်သည် သူ့ထက် စစ်အင်အားကြီးသဖြင့် သူသည်စစ်ရှုံးသွားသည်။ သို့ဖြင့် သူသည် ဘုရင်အဖြစ်ကိုလည်းကောင်း၊ မြို့တော်ကိုလည်းကောင်း စွန့်လွှတ်၍ထွက်ပြေးလာရလေသည်။

ယင်းသို့ ထွက်ပြေးလာစဉ် ညီငယ်သည် တစ်နေရာ၌ အစ်ကိုနှင့်သွား၍ ဆုံတွေ့မိသည်။ အစ်ကိုသည် ရွာတစ်ရွာ၌ နေထိုင်လျက်ရှိသည်။ သူသည် ချမ်းလည်း မချမ်းသာ၊ ဆင်းလည်း မဆင်းရဲ။ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း ဘာမျှမရှိ။

ညီအစ်ကိုနှစ်ယောက်သည် ပြန်လည်တွေ့ဆုံကြသဖြင့် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏။ ဝမ်းမြောက်ဝမ်းသာဖြစ်ရာမှ ဖြစ်ပျက်အလုံးစုံကို ပြန်ပြောင်းပြောဆိုကြသည်။

ဤသို့ပြောဆိုရာမှ အစ်ကိုက

"ညီမောင်၊ ငါမစွန့်ခဲ့တာ မှန်တယ်မဟုတ်လား၊ မစွန့်စားလို့သာ ငါအေးအေးလူလူ နေနိုင်ခဲ့တာပေ့ါ။ ညီမောင့်မှာတော့ ဘုရင်ဖြစ်ပြီး ပျော်ရွှင်ချမ်းသာမှုကို ရခဲ့ပေမယ့် ဘေးဒုက္ခတွေ ကြုံတွေ့ရပါပေတယ်ကွာ" ဟု ပြောဆို၏။ ထိုအခါ ညီငယ်က...

"စွန့်စားခြင်းမပြုတဲ့အတွက် အစ်ကိုမှန်တယ်လို့ မဆိုနိုင်ပါဘူး။ ထို့အတူ စွန့်စားခြင်းပြုတဲ့အတွက် ညီမောင်မှားတယ်လို့လည်း မဆိုနိုင်ပါဘူး။ ညီမောင်အဖို့ စွန့်စားဆောင်ရွက်ခဲ့တာတွေကို နောင်တရစရာ မလိုပါဘူး။ အခုညီမောင့်မှာ ပစ္စည်းဥစ္စာမရှိတော့တာ မှန်ပါတယ်။ ဒါပေမဲ့ မေ့ပျောက်လို့မရတဲ့၊ ထာဝစဉ် သတိရနေစေတဲ့ အတွေ့အကြုံတွေတော့ ရှိနေပါတယ်။ အစ်ကို့မှာ ဒီလိုသတိရဖွယ်အတွေ့အကြုံဆိုလို့ ဘာတစ်ခုမှမရှိဘူး မဟုတ်လားအစ်ကို" ဟူ၍ ပြောဆိုလိုက်လေသတည်း။

**(ရုရှားစာရေးဆရာကြီး တော်စတွိုင်း၏ The Two Brothers)**

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



လူမှု ဘဝ

# ဆယ်ကျော်သက်လူငယ်များနှင့် ကိုယ်ရည်ကိုယ်သွေး စရိုက်လက္ခဏာများ

မောင်မောင်မြင့်သိန်း
(စက်မှုတက္ကသိုလ်)

ကိုယ်ရည်ကိုယ်သွေးအကြောင်းကို ပြောဆိုလျှင် သမိုင်းပညာရှင်များက စိတ်ခွဲပညာရှင်ကြီး ဆစ်ဂမန် ဖရွိုက်ကို ရည်ညွှန်းပြောဆိုကြသည်။ ဖရွိုက်၏ ကိုယ်ရည်ကိုယ်သွေးသီအိုရီများသည် ခေတ်သစ်စိတ်ပညာတွင် အငြင်းပွားဖွယ်အကြောင်းအရာများ ဖြစ်ခဲ့သည်။ လူအများက ကိုယ်ရည်ကိုယ်သွေး (Personality) ဟုပြောလျှင် "သြဇာရှိတယ်၊ နှစ်လိုဖွယ်ရှိတယ်၊ ခင်မင်စရာကောင်းတယ်" စသည်ဖြင့် သုံးစွဲပြောဆိုကြသည်။ စိတ်ပညာဘာသာရပ်မှာ "ကိုယ်ရည်ကိုယ်သွေးဆိုတာ လူတစ်ယောက်ရဲ့အတော်လေး တည်ငြိမ်စွဲမြဲတဲ့ သူ့ရဲ့တွေးပုံ၊ ခံစားပုံ၊ ပြုမူပုံတွေပဲ" ဟု အနက်အဓိပ္ပာယ်ဖွင့်ကြသည်။ တစ်နည်းဆိုရသော် ကိုယ်ရည်ကိုယ်သွေးကို လေ့လာခြင်းဖြင့် လူတစ်ဦးနှင့်တစ်ဦး ပြုမူ၊ ပြောဆိုတွေးခေါ်၊ ခံစားမှုများကွဲပြားခြားနားနေကြောင်း ပေါ်လွင်ထင်ရှားသည်။

စင်စစ် လူမှုဆက်ဆံရေးနယ်ပယ်တွင် ရှိသင့်သောအရည်အသွေးမှာ အပြောအဆို အပြုအမူ လိမ္မာပါးနပ်ခြင်းနှင့် ကျွမ်းကျင်မှုပင်ဖြစ်သည်။ စိတ်ခွဲပညာရှင်များက လူများ၏စိတ်နေစိတ်ထား ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်ချက်များကို လေ့လာခဲ့ကြသည်။ ဆယ်ကျော်သက်များတွင်လည်း စိတ်နေစိတ်ထား စရိုက်နှင့် လုပ်ဆောင်ချက်အသီးသီးရှိကြသည်။ အချို့ဆယ်ကျော်သက်များတွင် မိမိ၏လိုအင်ဆန္ဒပြည့်ရေးအတွက် မစဉ်းစားမဆင်ခြင်ဘဲ အတ္တလွန်ကဲသောစိတ်ရှိတတ်သည်။ ဤတွင် အရာရာကို မိမိ၏ လိုအင်ဆန္ဒအတွက် ရှေ့တန်းတင်တတ်ကြသည်။ ဆောင်ရွက်လိုတတ်ကြသည်။ သူတို့သည် မိမိလိုအပ်ချက်များကို အဓိကထားလွန်းသဖြင့် ပေါင်းသင်းဆက်ဆံရေးကို လွန်စွာဂရုမစိုက်တတ်ကြချေ။

အချို့လူငယ်များတွင် ပကတိအခြေအနေမှန်ကို သုံးသပ်နိုင်စွမ်းရှိကြသည်။ မိမိ၏ အတ္တလွန်ကဲသောစိတ်ကို ထိန်းချုပ်ပေးနိုင်စွမ်းရှိကြသည်ကို တွေ့ရသည်။ ဤသို့ အတ္တတရားကို ထိန်းချုပ်နိုင်စွမ်းရှိသဖြင့် လူမှုရေးကျင့်ဝတ်များနှင့် လိုက်လျောညီထွေနေထိုင်ထိန်းညှိနိုင်စွမ်းရှိကြသည်ကို တွေ့ရသည်။ အချို့ဆယ်ကျော်သက်လူငယ်များတွင် မိမိမိသားစု၊ မိတ်ဆွေအသိုင်းအဝိုင်း၊ လူနေမှုစနစ်ကျင့်ဝတ်များ၊ စံသတ်မှတ်ချက်များနှင့် လိုက်လျောညီထွေနိုင်အောင် ကြိုးစားကြသည်။ ဤတွင် စိတ်နေစိတ်ထား ဖွံ့ဖြိုးတိုးတက်မှုနှင့် လုပ်ဆောင်ချက်များသည် လူတစ်ဦးစီ၏ ဖြတ်သန်းတွေ့ကြုံရသောဘဝပေါ်တွင် မူတည်နေသည်။ ဆယ်ကျော်သက်လူငယ်တစ်ဦးချင်းစီ၏ ကလေးဘဝအတွင်း ပုံသွင်းခံရမှုများ၊ သင်ယူလေ့လာဆည်းပူးမှုများ၊ ပေါင်းသင်းဆက်ဆံမှုအတွေ့အကြုံများက သူတို့၏အတ္တစိတ် အတိမ်အနက်ကို ပုံဖော်ပေးသည်ကို တွေ့ရသည်။

ဆယ်ကျော်သက်လူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးစရိုက်လက္ခဏာများကို လေ့လာကြည့်လျှင် မိသားစုပတ်ဝန်းကျင်၏ ပုံသွင်းမှု၊ မျိုးရိုးဗီဇ၊ ကြီးပြင်းခဲ့ရသော အတွေ့အကြုံပေါ်မူတည်ပြီး ကြီးထွားဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ များသောအားဖြင့် အသက် ၂၀ နှစ်ဝန်းကျင်အရွယ်တွင် ဆယ်ကျော်သက်တို့ ကိုယ်ရည်ကိုယ်သွေးသည် အတန်အသင့်ဖွံ့ဖြိုးလာသည်ဟု စိတ်ပညာရှင်များက ဆိုသည်။ ဤတွင် လူငယ်တို့၏ကိုယ်ရည်ကိုယ်သွေးကို လေ့လာသုံးသပ်ကြည့်ပါက စိတ်ခံစားချက်များကို ထိန်းသိမ်းနိုင်ကြသည်။ ပေါင်းသင်းဆက်ဆံရေး ပိုမိုကောင်းမွန်လာသည်။ ဆယ်ကျော်သက်ဘဝမှ လူငယ်လူလတ်ပိုင်းသို့ အကူးအပြောင်းတွင် အပြုအမူအချို့ ပြောင်းလဲလာကြသည်။ ထို့ပြင် ငယ်စဉ်က အတွေ့အကြုံများမှ သင်ခန်းစာယူလာနိုင်ကြသည်။ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပတ်ဝန်းကျင်၏ ရိုက်ခတ်ချက်များကို ပြန်လည်တုံ့ပြန်နိုင်ကြသည်။ တစ်ဖန်လူအများအပေါ်တွင် ယုံကြည်မှုထားနိုင်သောအစွမ်းအစများ ရှိလာကြသည်။

ကိုယ်ရည်ကိုယ်သွေး စရိုက်လက္ခဏာများတွင် အကောင်းနှင့်အဆိုး ဒွန်တွဲနေတတ်သည်။ အချို့စရိုက်လက္ခဏာများက မိမိအတွက် အကျိုးမဲ့စေသောလုပ်ရပ်ကို ဖန်တီးပေးသည်။ မိမိပတ်ဝန်းကျင်ကို ထိခိုက်စေသောပြဿနာများလည်း ထွက်ပေါ်လာတတ်သည်။ ယင်းထိခိုက်နစ်နာမှုများသည် မိမိ၏ စိတ်ခံစားချက်များကို မထိန်းသိမ်းနိုင်ဘဲ စိတ်လိုက်မာန်ပါဆောင်ရွက်သော စရိုက်ကြောင့်ဖြစ်သည်။ တစ်ခါတစ်ရံ မိမိပတ်ဝန်းကျင်၏ ရိုက်ခတ်မှုကြောင့် စိတ်ဖိစီးမှုများကို ရင်ဆိုင်နိုင်စွမ်း နည်းပါးသောအခါ စိတ်ဓာတ်ကျတတ်သည်။ အမှားများကို သင်ခန်းစာယူရမည့်အစား ထပ်တလဲလဲကျူးလွန်နေသည်မျိုး ဖြစ်တတ်သည်။ သံသယစိတ်လွန်ကဲသောအခါ လူအများနှင့်ပေါင်းသင်းဆက်ဆံရေး အဆင်မပြေဖြစ်ရသည်။ ယင်းအခြေအနေကို ကိုယ်ရည်ကိုယ်သွေး ချို့ယွင်းသောအခြေအနေ(Personality Disorder) ဟု စိတ်ပညာရှင်များက ခေါ်ဝေါ်သတ်မှတ်ထားသည်။ ဤအခြေအနေတွင် ပေါင်းသင်းဆက်ဆံရေး အဆင်မပြေမှုများကို မိဘများက ထိန်းသိမ်းပေးရမည်ဖြစ်သည်။ သို့ဖြစ်ရာ ဆယ်ကျော်သက်လူငယ်များကို စိတ်ခံစားချက်များ(Emotions) နှင့် ပတ်သက်၍ ချစ်ခင်မြတ်နိုးမှု၊ အကြင်နာတရား၊ စိတ်ကြည်နူးမှု၊ စာနာနားလည်မှု၊ မိမိကိုယ်ကို တန်ဖိုးထားဂုဏ်ယူမှုစသော ကောင်းမွန်သော စိတ်ခံစားချက်မျိုး ရှိစေရန် ထိန်းသိမ်းပေးရမည်ဖြစ်သည်။ ဤသို့ဖြင့် ဆယ်ကျော်သက်လူငယ်များ၏ ကောင်းမွန်သောလူမှုဆက်ဆံရေးကို ဖန်တီးပေးရန် လိုအပ်လှပေသည်။

**Ref: Managing Your Emotions by Dr.C.R. Chandra Sherar**

## ကဗျာ

### နွေဦး

(ဥသြ)
နွေဝင်ကို နှုတ်ခွန်းသလို့
ခွန်းစတဲ့ဥသြပျို
တေးဖွဲ့ပုံချို။
သိုက်နန်းမှာခို
နှစ်ကိုယ်ပတွဲ။
မြိုင်ဟေမာ သာစခန်းက၊
လွမ်းလောက်အောင်ချွဲ။
(လေရူး)
ချိန်ခါနွေ ဂိမ္ဟေကူးတော့
လေရူးက တသုန်သုန်
မြူးလျက် ပျော်ပုံ။
ပန်းလှအစုံ
ထုံကြိုင်လို့သင်း။
ငုံမာလာ ဘယ်ညာယိမ်းအောင်
သိမ်းတဲ့လေညင်း။
(ပန်းခင်း)
လေပြည်မှာ ယိမ်းနွဲ့တဲ့
စိမ်းလဲ့လဲ့ မြက်ခင်းဝယ်
ပန်းမျိုးစုံခြယ်။
ဖူးပွင့်အလယ်
ငုံတယ်ကွယ့် တချို့။
ဖြူနီကာ ပြာညိုဝင်းကာ
သင်းပျံ့လှိုင်လို့။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။



# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၂၇ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၉၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၉-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၄၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၂၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၉၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၀၀,၅၂၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၀၈,၉၉၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၉၁၄) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၄,၆၆၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၅) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၉-၃-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၂၅,၆၅၄,၁၉၀) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ (၂၁,၆၂၄,၆၄၇) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၄,၀၂၉,၅၄၃) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၉-၃-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၄၇,၂၇၈,၈၃၇) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်လျက်ရှိပါသည်။
- နိုင်ငံတကာတွင် သုတေသနပြုလေ့လာချက်များအရလည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းအားဖြင့် ရောဂါဝင်ရောက်ကူးစက်နိုင်မှုကို (၅)ဆအထက်၊ ရောဂါကြောင့် ဆေးရုံတက်ရောက်ရမှုကို (၁၀) ဆအထက်၊ ရောဂါကြောင့်သေဆုံးရမှုကို (၁၀)ဆအထက် လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- **မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆ ခန့်အထိ လျော့ချနိုင်သည်ကို တွေ့ရှိရပါသည်။**
- သို့ဖြစ်ပါ၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် ရေရှည်အတွက် အကောင်းဆုံး နည်းလမ်းမှာ ရည်မှန်းဦးတည်အုပ်စုများအားလုံး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် မပျက်မကွက် ထိုးနှံမှုခံယူထားခြင်းပင် ဖြစ်ပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများတွင် နေထိုင်သည့် မိဘပြည်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့် အထက် မိဘပြည်သူများနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများအပါအဝင် ဦးတည်အုပ်စုအားလုံးကို ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပေးနိုင်ရေးကို အရှိန်အဟုန်မြှင့်တင် အလေးထားဆောင်ရွက်လျက်ရှိပါ၍ ကာကွယ်ဆေးမထိုးနှံရသေးသော မိဘပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်ပြီး ဦးတည်အုပ်စုအားလုံး ရာနှုန်းပြည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးရေးကို အလေးထား၍ တက်ကြွစွာ ပူးပေါင်းပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၂၀-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၅) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၉၀) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၉၂) ခု | (၂) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၉၀) ခု | (၁၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၂,၀၆၁) ခု | (၃၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၄၀၉) ခု | (၃၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၅၃၄) ခု | (၁၃၈) ဦး |
| **စုစုပေါင်း** | **(၁၁,၄၈၁) ခု** | **(၂၂၇) ဦး** |

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ

(၁၉-၃-၂၀၂၂)ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၄,၀၂၉,၅၄၃) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၂၁,၆၂၄,၆၄၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၂၅,၆၅၄,၁၉၀) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၄၇,၂၇၈,၈၃၇) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၄၀၄၁၃၅ | ၅၇၁၂၃၀၆၃ | ၉၉၇၈၄၅ |
| ၂။ | အိန္ဒိယ | ၄၃၀၀၇၈၄၁ | ၄၂၄၆၅၁၂၂ | ၅၁၆၅၁၀ |
| ၃။ | ဘရာဇီး | ၂၉၆၁၇၂၆၆ | ၂၈၁၈၃၈၆၄ | ၆၅၇၁၅၇ |
| ၄။ | ပြင်သစ် | ၂၄၀၅၅၈၇၇ | ၂၂၅၄၈၄၂၉ | ၁၄၀၉၀၃ |
| ၅။ | ဗြိတိန် | ၂၀၀၉၃၇၆၂ | ၁၈၅၄၁၄၄၇ | ၁၆၃၅၁၁ |
| ၆။ | ဂျာမနီ | ၁၈၅၉၂၇၆၂ | ၁၄၅၂၈၀၀၀ | ၁၂၇၄၀၈ |
| ၇။ | ရုရှား | ၁၇၅၈၂၆၉၂ | ၁၆၂၀၉၉၄၂ | ၃၆၄၄၉၂ |
| ၈။ | တူရကီ | ၁၄၆၈၀၈၃၆ | ၁၄၃၀၉၉၇၁ | ၉၇၁၈၂ |
| ၉။ | အီတလီ | ၁၃၈၀၀၁၇၉ | ၁၂၄၉၄၉၆၈ | ၁၅၇၆၉၂ |
| ၁၀။ | စပိန် | ၁၁၃၂၄၆၃၇ | ၁၀၅၇၁၂၀၃ | ၁၀၁၇၀၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၇၇၉၁၈၄၁ | ၃၉၉၁၃၉၃ | ၄၁၈၁၇ |
| ၂။ | အင်ဒိုနီးရှား | ၅၉၆၂၄၈၃ | ၅၅၈၉၀၅၇ | ၁၅၃၇၃၈ |
| ၃။ | မလေးရှား | ၃၉၇၄၀၁၉ | ၃၆၅၆၄၁၅ | ၃၄၃၂၉ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၃၇၁၇ | ၃၅၇၀၃၅၅ | ၅၈၀၂၃ |
| ၅။ | ထိုင်း | ၃၃၅၃၉၆၉ | ၃၀၈၉၅၈၄ | ၂၄၂၄၉ |
| ၆။ | စင်ကာပူ | ၁၀၀၇၁၅၈ | ၉၆၉၃၂၁ | ၁၁၉၄ |
| ၇။ | မြန်မာ | ၆၀၈၉၉၀ | ၅၆၄၆၆၀ | ၁၉၄၂၅ |
| ၈။ | လာအို | ၁၅၂၉၅၇ | ၁၄၈၅၂၅ | ၆၄၅ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၄၉၈၆ | ၁၃၀၉၅၆ | ၃၀၅၁ |
| ၁၀။ | ဘရူနိုင်း | ၁၂၄၇၁၆ | ၁၁၁၃၄၀ | ၁၈၉ |

# ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**စစ်တွေ မတ် ၂၀**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ကျင်းပသည်။

**ဆွေးနွေး**

ညှိနှိုင်းအစည်းအဝေးတွင် ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းသက်ရောက်မှုခံစားရနိုင်သော ဒေသများတွင် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စတင်ဆောင်ရွက်စေခြင်း၊ မုန်တိုင်းသတင်းကို စဉ်ဆက်မပြတ်ရယူ၍ လိုအပ်သလိုပြောင်းလဲဆောင်ရွက်စေခြင်း၊ ကောလာဟလသတင်းများကြောင့် ပြည်သူများအထိတ်တလန့်မဖြစ်စေရေး သက်ဆိုင်ရာမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များက သတင်းမှန်ကြေညာစေခြင်း၊ ကြိုတင်ပြင်ဆင်ရမည့်လုပ်ငန်းများကို အသိပေးထုတ်ပြန်စေခြင်း၊ အချိန်နှင့်အမျှပြောင်းလဲဖြစ်ပေါ်တတ်သည့် မုန်တိုင်း၏ သဘောသဘာဝအရ မုန်တိုင်းအဆင့်ပိုမိုပြင်းထန်နိုင်ချေရှိပါက ရွှေ့ပြောင်းနိုင်ရန် ဘေးလွတ်ရာနေရာများအား ပြန်လည်စိစစ်ပြင်ဆင်ခြင်းစသည့် ပြင်ဆင်ဆောင်ရွက်ရန်များကို ဆောင်ရွက်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်များကို အားလုံးဝိုင်းဝန်းဆွေးနွေးပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ပြည်နယ်ဝန်ကြီးများက သဘာဝဘေးအန္တရာယ်နှင့် မုန်တိုင်းသတင်းများကို အချိန်နှင့်တစ်ပြေးညီသတင်းထုတ်ပြန်နိုင်ရေး၊ ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက် ပြင်ဆင်စုဆောင်းထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားရှိမှု၊ ကယ်ဆယ်ရေးပစ္စည်းများစုဆောင်းထားရှိမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ခိုလှုံရာနေရာများတည်ဆောက်ထားရှိမှုနှင့် သံတွဲခရိုင် ဂွမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ပြည်သူများအားပြောင်းရွှေ့နိုင်မည့် နေရာများအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းကော်မတီအတွင်းရေးမှူးများနှင့် ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ကော်မတီအလိုက်၊ ခရိုင်အလိုက် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသော တပ်မတော် အရာရှိကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မုန်တိုင်းအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ဒေးဒရဲမြို့၌ မုန်တိုင်းအန္တရာယ် သတိပေး နှိုးဆော်

**ဒေးဒရဲ မတ် ၂၀**

ဧရာဝတီ တိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့်ယင်းနှင့် ဆက်စပ်လျက်ရှိသောကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသောလေဖိအားနည်းရပ်ဝန်းနှင့် ပတ်သက်၍ ပြည်သူများအား မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးလိုက်လံနှိုးဆော်ခြင်းများကို ယနေ့နံနက် ၈နာရီမှစတင်၍ လူစည်ကားရာနေရာများနှင့် မြစ်ကမ်းတစ်လျှောက်အသံချဲ့စက်များဖြင့်လိုက်လံအသိပေးနှိုးဆော်လျက်ရှိသည်။

အဆိုပါအသိပေးနှိုးဆော်ခြင်းများကိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်နှင့်အဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ လူစည်ကားရာနေရာများ၊ သင်္ဘောဆိပ်များနှင့် မြစ်ကမ်းတစ်လျှောက်စသည့် နေရာများတွင် မုန်တိုင်းအန္တရာယ်အသိပေးနှိုးဆော်ချက်များကို ပြည်သူများသိရှိနိုင်ရေး အသံချဲ့စက်များဖြင့် လိုက်လံအသိပေး နှိုးဆော်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အေဇာလင်း**

## လပွတ္တာခရိုင်၌ မုန်တိုင်းဘေးအန္တရာယ်ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်

**လပွတ္တာ မတ် ၂၀**

ဧရာဝတီ တိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်၌ မုန်တိုင်းဘေးအန္တရာယ်နှင့်သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့က ရှာဖွေ ကယ်ဆယ်ရေးအဖွဲ့ စုဖွဲ့ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။



အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့အား အသင့်စုဖွဲ့ ထားရှိပြီး အဖွဲ့ဝင် ၃၅ ဦးပါဝင်သည်။ ယနေ့နံနက် ၈ နာရီက မြို့မဈေးကြီးအတွင်း ရုပ်ပြေးသင်္ဘောများ၊ ရေယာဉ်ကြီးများအား လိုက်လံအသိပေးကြေညာခြင်း၊ မြို့နယ်အတွင်းပြေးဆွဲနေသော လိုင်းရေယာဉ်များအားမုန်တိုင်းသတိပေးနှိုးဆော် ဆောင်ရွက်ပြီး အသက်ကယ်အင်္ကျီများ ဝတ်ဆင်အသုံးပြုစေရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လပွတ္တာခရိုင်( ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ်များကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မုဒုံမြို့နယ် မီးသတ်ဦးစီးဌာနက အသင့်စုဖွဲ့ပြင်ဆင်ထား

**မုဒုံ မတ် ၂၀**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ဘဘာဝဘေးအန္တရာယ်များ ဝင်ရာက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မုဒုံမြို့နယ်မီးသတ်ဦးစီးဌာနက မတ် ၂၀ ရက်ကစ၍ အသင့်စုဖွဲ့ပြင်ဆင်ထားရှိကြောင်း သိရသည်။

မုဒုံမြို့နယ် ရပ်ကွက်/ကျေးရွာ အုပ်စုများအတွင်း နေထိုင်သောပြည်သူများ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မြစ်ကမ်းအနီးနေထိုင်သူများ၊ ရေလုပ်သားများ၊ မော်တော်များနှင့် သစ်ပင်ကြီးများအနီးတွင် နေထိုင်သူများအနေဖြင့် မုန်တိုင်းကျရောက်ချိန် အန္တရာယ်ကင်းရှင်းစေရန် သတိပြုနေထိုင်ကြရန်နှင့် ရုံး၊ ဌာန၊ အဆောက်အအုံများတွင် အရေးကြီးစာရွက်စာတမ်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်အတွက် ကြိုတင်သိမ်းဆည်းထားကြရန်၊ တောင်ကျချောင်းဘေး နေထိုင်သူများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သဖြင့် အန္တရာယ်ကင်းရာတွင် နေထိုင်ကြရန်၊ ကျွဲ၊ နွားတိရစ္ဆာန်များ လေမိုးလွတ်ရာနေရာတွင် ပြောင်းရွှေ့ထားရှိကြရန်နှင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရန် အမိုးအကာအောက်သို့ ကြိုတင်ပြောင်းရွှေ့ထားကြရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က အသိပေးနှိုးဆော်ထားပြီး မြို့နယ်အတွင်းရှိနယ်မြေမီးသတ်စခန်းများနှင့် ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိကြောင်း မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးဖုန်းမြင့်အေးထံမှ သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

## ထန်းတပင်မြို့နယ်၌ မုန်တိုင်းငယ်သတိပေးချက် လိုက်လံအသိပေးနှိုးဆော်

**ထန်းတပင် မတ် ၂၀**

ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့်ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် အခြေအနေများနှင့်ပတ်သက်၍ အများပြည်သူများ ကြိုတင်သတိပြုနိုင်ရန်အတွက် အသိပေးနှိုးဆော်မှုများကို မတ် ၂၀ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်၌ လိုက်လံ၍ အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်းငယ်သတိပေးချက်အားအသိပေးနှိုးဆော်ရာတွင်လည်း မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်၊ ကျေးရွာအုပ်စုများမှအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် လူအသွားအလာများပြားသည့် နေရာများ၊ လမ်းဆုံ၊ ကားဂိတ်နှင့် မြစ်ဆိပ်တို့တွင် နှိုးဆော်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မုန်တိုင်းငယ်သတိပေးချက်အား အသိပေးနှိုးဆော်မှုများကိုလည်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏စီစဉ်ဆောင်ရွက်မှုများဖြင့်အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄)မှ ဗိုလ်လောင်းသင်တန်းသားများ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် မတ် ၂၀

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၄)မှ ဗိုလ်လောင်းသင်တန်းသားများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် သူရဲကောင်းဗိမာန်(နေပြည်တော်)တို့သို့ ဒေသန္တရဗဟုသုတများ သွားရောက်လေ့လာခဲ့ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာလေ့လာရေးအဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ရောက်ရှိကြပြီး စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်ပူဇော်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညို၍ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်(နေပြည်တော်)ရှိ ရတနာဆင်ဖြူတော်များအား ဆင်စာများ ကျွေးမွေးခဲ့ကြသည်။

ဆက်လက်ပြီး လေ့လာရေးအဖွဲ့က သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ ရောက်ရှိကြပြီး ကျဆုံးလေပြီးသော တပ်မတော်သားသူရဲကောင်းများအား ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်းလှည့်လည်ကြည့်ရှုလေ့လာကြကာ အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့များသည် ယမန်နေ့ကလည်း နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်နေမှုကို သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပခုက္ကူ**

၂၀၂၂ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မတ် ၂၀ ရက် နံနက် ၁၁ နာရီခွဲက အထိမ်းအမှတ် သတင်းစကားလက်ကမ်းစာစောင်များကို နံနက် ၁၁ နာရီခွဲက အခမဲ့ဖြန့်ဝေကြောင်း သိရသည်။

လက်ကမ်းစာစောင်များကို ပခုက္ကူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇော်ဌေးအောင်နှင့် ဝန်ထမ်းများက အခြေခံပညာအထက်တန်းကျောင်းများရှိ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်များရှိ ပြည်သူများထံ အခမဲ့လိုက်လံဖြန့်ဝေကြခြင်းဖြစ်ပြီး အဆိုပါလက်ကမ်းစာစောင်တွင် (၇၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်၊ တပ်မတော်၏ အစဉ်အလာကောင်း (၁၂) ရပ်၊ (၇၆)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်၊ ကဗျာနှင့် ဆောင်ပုဒ်များ အစရှိသည့် အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



**မော်လမြိုင်**

မော်လမြိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အကြို သတင်းစကားလက်ကမ်းစာစောင်များကို မတ် ၁၉ ရက်က( ၄၈) နှစ်မြောက် မွန်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာသူများအား ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာကောင်း (၁၂) ရပ်၊ ဗိုလ်ချုပ်အောင်ဆန်း၏မိန့်ခွန်းကောက်နုတ်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်များ၊ ဆောင်းပါးနှင့် ကဗျာများပါဝင်သည့် လက်ကမ်းစာစောင်များကို ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကော့ကရိတ်**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက (၇၇)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အကြို သတင်းစကား လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ကော့ကရိတ်မြို့ အထက (၁) ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် (၇၇) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာကောင်း (၁၂)ရပ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းကောက်နုတ်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ (၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့် မိန့်ခွန်းကောက်နုတ်ချက်များ၊ ဆောင်းပါး၊ ကာတွန်းများနှင့် ကဗျာများ ပါဝင်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံသားများ မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

မြဝတီ မတ် ၂၀

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့က ဦးရေ ၂၀၀ ဆက်လက်ဝင်ရောက်ခဲ့သည်။



အဆိုပါ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများကို အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။

ထိုသို့ ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ၁၀ မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်၊ မဲကနယ်နှင့် ကျောက်လုံးကြီး အသွားအလာကန့်သတ်စောင့်ကြည့်ရေး စခန်းများတွင် ၁၀ ရက် အသွားအလာကန့်သတ်ထားရှိကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိစစ်ဆေးပြီးမှ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ ယနေ့ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၁၂၃ ဦး၊ အမျိုးသမီး ၇၇ ဦး စုစုပေါင်း ၂၀၀ ရှိကြောင်း သိရသည်။ **ထိန်လင်းအောင်**

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်

**လိုက်နာဆောင်ရွက်ရန် အချက်များ**

➢ အရိပ်ရ၍ အေးမြသောနေရာများတွင်သာ နေပါ
➢ မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် လက်၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသောအရောင်ဖျော့သည့် ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
➢ နေ့ခင်းနေ့လယ်အပြင်သွားပါက ထီး၊ ဦးထုပ် ဆောင်းပါ၊ နေကာမျက်မှန်တပ်ဆင်ပါ။
➢ ရေများများသောက်ပါ။

**ရှောင်ကြဉ်ရန်အချက်များ**

❖ နံနက်(၁၀)နာရီမှ ညနေ(၄)နာရီအတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ ပူပြင်းသည့်နေရောင်အောက်တွင် အလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို တတ်နိုင်သမျှရှောင်ကြဉ်ပါ၊
❖ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
❖ ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသောအခန်းနှင့် ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း၊ အလွန်အေးသောအခန်းနှင့် ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊
❖ အရက်သေစာသောက်စားခြင်းကို ရှောင်ကြဉ်ပါ။

**အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ**

❖ သက်ကြီးဘိုးဘွားများနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
❖ နာတာရှည်ရောဂါရှိသူများ(ဆီးချို၊ နှလုံး၊ သွေးတိုးရောဂါ၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
❖ ကာယလုပ်သားများ၊ အားကစားသမားများ၊ ဝလွန်းသောသူများ
❖ အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၈-၃-၂၀၂၂ ရက်နေ့မှအဆက်

နန်းကိန္နရီသည် သူ၏ အတိတ်ကာလဆိုသည်ကို ရဲဝံ့စွာတွေးတောနိုင်စွမ်းရှိသူ မဟုတ်ခဲ့ပေ။ သူ၏ အတိတ်ကာလဟူသည်မှာလည်း လှပခြင်းရှိခဲ့သည်မဟုတ်။ အကျည်းတန်ခဲ့သည်ပင်ဖြစ်သည်။ အတိတ်ကို ကြိုးစားမေ့ဖျောက်ထားရသည်။ မစဉ်းစားမိအောင် စိတ်ကို လှည့်စားထားခဲ့ရသည်။

ယခုဆိုလျှင် အတိတ်ကာလဟူသည် အတော်ချည်း ဝေးလံလျက် ရှိခဲ့လေပြီ။ အတော်ချည်း မှုန်ဝါးလျက်ရှိခဲ့လေပြီ။ နန်းကိန္နရီဟူသော အမည်ကို ယူခဲ့သည်မှစ၍ ဘဝသစ်ကို စတင်ခဲ့သည်ဟု နန်းကိန္နရီယူဆသည်။ ဖြစ်နိုင်လျှင် ဘဝကို ထိုနေရာမှ စတင်လိုက်ချင်သည်ပင် ဖြစ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် ကြုံဆုံခဲ့ရခြင်းမှာ မေ့မေ့ပျောက်ပျောက်ဖြစ်နေခဲ့သော အတိတ်ကို ပြန်ပြောင်းအမှတ်ရဖို့ ဖြစ်လာသည်။ နားမှာလည်း အတိတ်ကာလ၏ ပွဲတင်သံ ညံစီလာလေသည်။ နန်းကိန္နရီ သက်ပြင်းရှိုက်ရပြန်ချေသည်။

ရေနံ့သာတွင် ကပြပြီးနောက် နန်းကိန္နရီတို့အဖွဲ့ မြစ်ဝကျွန်းပေါ်ဘက်သို့ ဆင်းခဲ့ရသည်။ ထိုတွင် ခုနစ်ချီ ခုနစ်လား ကပြခဲ့ရသည်။ တစ်ပတ်ကျော်ကြာပြီးမှ ရန်ကုန်သို့ ပြန်ရောက်သည်။

သည်တွင် အငြိမ့်အဖွဲ့ပိုင်ရှင်က ဆီးကြို၍ ပြောသည်။ နန်းကိန္နရီအား ဒေါ်ရေနံ့သာခင်ခင်ကြီး လာရောက်မေးစမ်းသည့် အကြောင်း။

“ဒေါ်ရေနံ့သာခင်ခင်ကြီးဟာ သမီးကို အတော်စိတ်ဝင်စားနေပုံရတယ်။ မေးလိုက် မြန်းလိုက်တာတွေလည်း စုံလို့။ အေးလေ တို့များကလည်း သမီးရဲ့ အကြောင်းကို သိပ်များများစားစား သိထားတာမဟုတ်တော့ သူကျေနပ်လောက်အောင် အဖြေမပေးနိုင်ခဲ့ဘူး”

အငြိမ့်အဖွဲ့ပိုင်ရှင်က နန်းကိန္နရီအား ပြောပြခဲ့သည်။

အငြိမ့်အဖွဲ့ပိုင်ရှင်မှာ ဦးမြတ်စံဖြစ်သည်။ ယခင်က နာမည်ကြီး အငြိမ့်လူပြက်တစ်ဦး ဖြစ်ခဲ့သည်။ သူ၏ဇနီးမှာလည်း အငြိမ့်မင်းသမီးပင်ဖြစ်သည်။ အသက်အရွယ် ထောက်လာပြီဖြစ်၍ ကပြနိုင်ခြင်းမရှိတော့။




ဦးမြတ်စံတို့ဇနီးမောင်နှံသည် နန်းကိန္နရီအတွက် ကြီးစွာသော အတွယ်အတာဖြစ်သည်။ ၎င်းတို့၏ ကျေးဇူးတရားသည် ကြီးမားလှသည်။ နန်းကိန္နရီ၏ဘဝကို ကယ်တင်ခဲ့သူများလည်း ဖြစ်သည်။ နန်းကိန္နရီဟူသောအမည်ကို ခံယူစေခဲ့သည်မှာ ၎င်းတို့၏ကျေးဇူးတရားကြောင့် ဖြစ်သည်။

ဦးမြတ်စံတို့ ဇနီးမောင်နှံသည် နန်းကိန္နရီအား မိမိတို့ အငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီးတစ်ယောက်ဟူသော သဘောထက် သားသမီး အရင်းအချာလို ခင်မင်တွယ်တာသည် အမှန်ပင်။ လုပ်ခစားတစ်ယောက် ဆိုသည်ထက် ပိုမိုအလေးအနက်ထားသည် အမှန်ပင်။

၎င်းတို့သည် နန်းကိန္နရီနှင့်စပ်လျဉ်း၍ အလုံးစုံ ဘဝင်ကျနိုင်သည်ကား မဟုတ်ခဲ့။ အထူးသဖြင့် နန်းကိန္နရီ၏ ဘဝအပြည့်အစုံကို ရေရေလည်လည် မသိနိုင်ခြင်းအပေါ် မချင့်မရဲရှိမိကြသည်။ ထိုအတွက် စနိုးစနောင့် ခံစားရသည်။

နန်းကိန္နရီ သူတို့ထံ ရောက်လာပုံကလည်း ဆန်းကြယ်သည်။ အသိုက်အမြုံတစ်ခုမှ ပျံထွက်လာရင်း မျက်စိလည် လမ်းမှားလျက် ရောက်ရှိလာပုံမျိုး။ ထို့ကြောင့်ပင် တစ်ခါတစ်ရံ ပြောရသေးသည်။ နန်းကိန္နရီဟူသောအမည်နှင့် လိုက်ဖက်သည့်အကြောင်း။ လျော်ညီသည့် အကြောင်း။

နန်းကိန္နရီသည် ပညာတတ်ဖြစ်သည်။ သဘင်မျိုးရိုး မဟုတ်။ သို့စဉ်လျက် အကပညာကို နိုင်နင်းလှသည်။ သိလွယ်၊ နားလည်လွယ်သည်။ ထိုအတွက်လည်း စိတ်မှာ ဆန်းကြယ်သည်ဟု ထင်မိသည်။

ယခုတော့လည်း နန်းကိန္နရီဟူ၍ နာမည်ထင်ရှားကျော်ကြားနေခဲ့ပေပြီ။ အငြိမ့်တစ်ဖွဲ့လုံး၏ အားထားမှီခိုရာ ဖြစ်နေပေပြီ။ သို့ဖြစ်၍ ပိုမိုဂရုစိုက်ရသည်။ အကြိုက်ဆောင်ရသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးလို ချမ်းသာကြွယ်ဝသူတစ်ဦးက နန်းကိန္နရီအပေါ် စိတ်ဝင်စားနေသည်ဟု သိရသောအခါ တစ်ဖက်က ဝမ်းသာရသည်။ တစ်ဖက်က ဝမ်းနည်းရသည်။ ဝမ်းသာရသည်မှာ သည်သို့ကြွယ်ဝချမ်းသာသူက အငြိမ့်မင်းသမီးတစ်ယောက်အပေါ် အလေးအနက်ထားပြီး ခင်မင်သည်ဆို၍။ ဝမ်းနည်းရသည်မှာမူ နန်းကိန္နရီအနေနှင့် ဘဝမေ့ကာ အငြိမ့်အဖွဲ့ကို စွန့်လွှတ်သွားမည်စိုး၍။

ထို့ကြောင့်ပင် ဒေါ်ရေနံ့သာခင်ခင်ကြီးက နန်းကိန္နရီအပေါ် အဘယ်ကြောင့် စိတ်ဝင်စားရှိခဲ့ရကြောင်း စုံစမ်းရသည်။ စပ်စုရသည်။

“ရေနံချောင်း ဇာတိချင်းတူတာနဲ့ စိတ်ဝင်စားတာပါ”ဟု နန်းကိန္နရီ သာမန်မျှသာ အဖြေပေးခဲ့သည်။

“အဲဒီနေ့က သူလျှောက်မေးတာ စုံနေတာပဲ။ ဒါပေမဲ့ သူ့ရဲ့ အဟန့်ကလည်း ရှိနေ၊ ရင်းရင်းနှီးနှီးလည်း မကျွမ်းသေးဆိုတော့ အရှိကိုယ်တိုင် ဘာတွေ အဖြေပေးခဲ့မှန်း မသိဘူး။ သူပြောတဲ့ စကားတချို့ကိုလည်း အဓိပ္ပာယ်မပေါက်နိုင်ခဲ့ဘူး”

နန်းကိန္နရီပြောခဲ့သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ရန်ကုန်ပြန်ရောက်လာလျှင် သူ့ထံ တယ်လီဖုန်းဆက်ပါဟုဆိုကာ တယ်လီဖုန်း နံပါတ်ပေးခဲ့သည်။

သို့ဖြင့် နန်းကိန္နရီသည် ရန်ကုန်သို့ ပြန်ရောက်ပြီး နောက်တစ်နေ့တွင် အများသုံး တယ်လီဖုန်းမှနေကာ ဒေါ်ရေနံ့သာခင်ခင်ကြီးထံ ဖုန်းဆက်သည်။

“အတော်ပဲ။ ဒီကနေ့အိမ်မှာ မုန့်လုပ်စားကြတယ်။ တို့များနဲ့အတူ စားရအောင် လာခဲ့ပါလားကွယ်။ လာမယ်ဆိုရင် ကားလွှတ်ပြီး အခေါ်ခိုင်းလိုက်မယ်။ ဟုတ်လား”

ဒေါ်ရေနံ့သာခင်ခင်ကြီးက ဝမ်းသာအားရ ပြောခဲ့သည်။

“အရှိ အငြိမ့်ဆရာဆီမှာ အခွင့်တောင်းကြည့်ပါဦးမယ်။ ခွင့်ပြုရင် လာခဲ့ပါ့မယ် အစ်မကြီး”

“အေးလေ၊ မင်းတို့အငြိမ့်ဆရာဆီကို ကိုယ့်အနေနဲ့လည်း စာတစ်စောင်ရေးပေးလိုက်ပါဦးမယ်”

နန်းကိန္နရီကလည်း အခွင့်တောင်းသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးကလည်း စာရေးပေးလိုက်သည်။ သို့ဖြစ်၍ ဦးမြတ်စံသည် ငြင်းပယ်ခြင်း မပြုနိုင်တော့ဘဲ နန်းကိန္နရီအား ခွင့်ပြုလိုက်ရသည်။ ယိမ်းသမကလေးတစ်ယောက်ကို အဖော်အဖြစ် ထည့်လိုက်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးနှင့် နန်းကိန္နရီတို့ ပြောစကားကို မှတ်သားထားရန် မှာလိုက်သည်။

ယင်းသို့ဖြင့် နန်းကိန္နရီနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ ဒုတိယမ္ဗိ တွေ့ဆုံခွင့်ရခဲ့ကြသည်။ ထိုနေ့က ရေနံ့သာတွင် မုန့်အထူးအဆန်းလုပ်စားသည်မဟုတ်။ မြီးရှည်လုပ်စားကြခြင်းသာဖြစ်သည်။ ယခုတိုင်အောင် မပြန်ဖြစ်သေးသော မမဝင်းရီလည်း ရှိနေကြသည်။

နန်းကိန္နရီကို သာမန်အရပ်သူ အသွင်ဖြင့် ဒေါ်ရေနံ့သာ ခင်ခင်ကြီး ပထမဆုံးအကြိမ် မြင်တွေ့ရခြင်းဖြစ်သည်။

နန်းကိန္နရီသည် ကားအကြိုရောက်လာချိန်၌ မဖြီးလိမ်းရသေး။ မပြင်ဆင်ရသေး။ စောင့်နေရမည်ကို အားနာသဖြင့် ဖြစ်ကတတ်ဆန်းအသွင်ဖြင့်ပင် လိုက်ပါလာခဲ့သည်။ ထိုနေ့က ပွဲနားရက်ဖြစ်၍ ခေါင်းလျှော်ထားသည်။ လျှော်ထားသော ဆံပင်ကို ကျောတွင်ပင် ချထားသည်။ သနပ်ခါး ရေကျဲကိုပင် လိမ်းသခဲ့သည်။ နှုတ်ခမ်းဆိုးဖို့ မေ့ခဲ့သည်။ နန်းကိန္နရီ၏ ပင်ကိုအလှသာလျှင် ပေါ်လွင်သည်။

ဒေါ်ရေနံ့သာ ခင်ခင်ကြီးသည် နန်းကိန္နရီအား အိမ်တံခါးပေါက်ဝမှနေ၍ ဆီးကြိုခဲ့သည်။

မိမိမျက်နှာကို မြင်လျှင်မြင်ချင်းမှာပင် ဒေါ်ရေနံ့သာ ခင်ခင်ကြီး၏ မျက်နှာ၌ အပြောင်းအလဲ ဖြစ်ပေါ်သွားသည်။ ရုတ်ခြည်းဆိုသလို တည်တည်ကြည်ကြည် ငြိမ်ငြိမ်သက်သက်ကြီး ဖြစ်သွားသည်။ မှင်တက်မိသည်ဆိုသည့်ဟန်မျိုး။ သို့ရာတွင် မျက်လုံးများမှာပို၍ အရောင်တောက်လာသည်။ ပို၍ ရွှန်းလက်လာသည်ဟု ထင်ရသည်။ ထိုအတွက် နန်းကိန္နရီကိုယ်တိုင်ပင် ခြေလှမ်းတုံ့ရသေးသည်။ စိတ်မှာ ဆန်းကြယ်သလို ခံစားရသည်။

အတော်ချည်းကြာမှ ဒေါ်ရေနံ့သာ ခင်ခင်ကြီးမှာ သတိပြန်ဝင်လာသလို ရှိကာ နန်းကိန္နရီအား ပြုံးပြလိုက်သည်။

“လာလာ၊ မင်းကို တို့များ စောင့်နေကြတာ” ဆိုသည်။

နန်းကိန္နရီကို နေရာချပေးခဲ့ပြီးနောက် ဒေါ်ရေနံ့သာ ခင်ခင်ကြီး မီးဖိုခန်းသို့ ဝင်လာခဲ့သည်။ အိမ်စေမိန်းကလေးများနှင့် ရောနှောအလုပ်ရှုပ်နေသော မမဝင်းရီကို မီးဖိုခန်းမှ ဆွဲထုတ်လာခဲ့သည်။

“ခင်ကြီးတော့ သိပ်အံ့သြသွားတာပဲ မမဝင်းရီရယ်။ တကယ်ပဲ။ ရင်ထဲမှာ လှုပ်ရှားသွားတာပဲ။ နန်းကိန္နရီကို အခုလိုပုံစံနဲ့ မြင်လိုက်ရတော့မှ သူ့ကို ခင်ကြီးဘာကြောင့် စိတ်ဝင်စားခဲ့ရတယ်ဆိုတာ ပေါ်လာတယ်”

ဒေါ်ရေနံ့သာခင်ခင်ကြီး အမောတကော ပြောနေသည်။

“ညီမ ဘာမြင်လို့လဲဟင်”

“အို မမဝင်းရီရယ် နန်းကိန္နရီရဲ့ မျက်နှာဟာလေ သူ့မျက်နှာနဲ့ ချွတ်စွပ်ပဲ။ သိပ်တူတာပဲ မမဝင်းရီရဲ့”

“ဘယ်သူ့မျက်နှာကို ပြောတာလဲ”

“မောင်မောင်ဦးရဲ့ မျက်နှာလေ”

“မောင်မောင်ဦး”

မမဝင်းရီ ယင်းအမည်ကို ဆိုလိုက်သည်။

“ဟုတ်တယ် မမဝင်းရီ။ သူ့မျက်နှာကို ခင်ကြီး ဒီတစ်သက် မမေ့ပါဘူး။ ခင်ကြီးရဲ့ မျက်လုံးထဲက ဒီမျက်နှာဘယ်တော့မှ ထွက်သွားမှာ မဟုတ်ဘူး။ ဟိုတုန်းက သူ့ရဲ့ အသက်ဟာ နန်းကိန္နရီရဲ့ အသက်လောက် ပဲရှိဦးမှာ။ မေးရိုးကျပုံ။ နှာတံပေါ်ပုံ။ နှုတ်ခမ်းနေပုံ၊ နားရွက်ကားပုံတွေဟာ သူနဲ့ ထပ်တူထပ်မျှပဲ။ ခင်ကြီးမှာ သူ့ဓာတ်ပုံမရှိတာ နာတာပဲ။ နန်းကိန္နရီကို ဓာတ်ပုံများရှိရင် ပြလိုက်ချင်ပါရဲ့ မမဝင်းရီရယ်”

ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ အမှန်ပင် တုန်လှုပ်ဟန် ရှိသည်။ အမှန်ပင် ချောက်ချားဟန်ရှိသည်။

ဆက်လက်ဖော်ပြပါမည်။

“ဒေါ်ရေနံ့သာခင်ခင်ကြီးသည် နန်းကိန္နရီအား အိမ်တံခါးပေါက်ဝမှနေ၍ ဆီးကြိုခဲ့သည်။
မိမိမျက်နှာကို မြင်လျှင်မြင်ချင်းမှာပင်
ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်နှာ၌ အပြောင်းအလဲ ဖြစ်ပေါ်သွားသည်။
ရုတ်ခြည်းဆိုသလို တည်တည် ကြည်ကြည် ငြိမ်ငြိမ်သက်သက်ကြီး ဖြစ်သွားသည်။
မှင်တက်မိသည်ဆိုသည့်ဟန်မျိုး။ သို့ရာတွင် မျက်လုံးများမှာပို၍ အရောင်တောက်လာသည်။
ပို၍ ရွှန်းလက်လာသည်ဟု ထင်ရသည်။ ထိုအတွက် နန်းကိန္နရီကိုယ်တိုင်ပင် ခြေလှမ်းတုံ့ရသေးသည်။
စိတ်မှာ ဆန်းကြယ်သလို ခံစားရသည်။ အတော်ချည်းကြာမှ ဒေါ်ရေနံ့သာခင်ခင်ကြီးမှာ
သတိပြန်ဝင်လာသလိုရှိကာ နန်းကိန္နရီအား ...”

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ■ မြန်မာနိုင်ငံသို့မှ

ရေမိုင် ၃၃၀ မိုင်ခန့်၊ ရန်ကုန်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၄၁၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ နီကိုးဘားကျွန်း၏မြောက်ဘက် ရေမိုင် ၈၀ မိုင်ခန့်နှင့် ပို့ပလဲယား၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၆၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေဖြစ်ပါသဖြင့် လိမ္မော်ရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**မုန်တိုင်းငယ်၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ မုန်တိုင်းငယ်သည် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန်တွင် မြောက်လတ္တီကျူ ၁၀ ဒသမ ၆ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၉၃ ဒသမ သုည ဒီဂရီတွင်ရှိပြီး ဗဟိုချက် လေဖိအား ၁၀၀၂ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်ပါသည်။

**နောက် ၃၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါမုန်တိုင်းငယ်သည် နီကိုးဘားကျွန်းနှင့် ကပ္ပလီပင်လယ်ပြင်ကမ်းလွန်တစ်လျှောက် မြောက်ဘက်သို့ရွေ့လျားပြီး နောက် ၂၄ နာရီအတွင်း အားကောင်းသော မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ အဆိုပါမုန်တိုင်းငယ်သည် ၂၁-၃-၂၀၂၂ ရက် ညပိုင်းတွင် မြန်မာနိုင်ငံ ကိုကိုးကျွန်းအနီးသို့လည်းကောင်း၊ ၂၂-၃-၂၀၂၂ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းအနီးသို့လည်းကောင်း၊ ၂၂-၃-၂၀၂၂ ရက် ညပိုင်းတွင် ရခိုင်ကမ်းရိုးတန်းအနီးသို့လည်းကောင်း ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

မုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညနေမှ ၂၂-၃-၂၀၂၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါ မုန်တိုင်းငယ်၏အရှိန်ကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရေသတ္တဝါ(အရှင်) များ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်တွင် ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ် တင်ပို့ခြင်းမပြုရန် အသိပေးနှိုးဆော်ချက်

ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာနိုင်ငံရှိ ရေချို/ ရေငန်ရေပြင်များတွင် ငါး/ပုစွန်မျိုးများ မပြုန်းတီးစေဘဲ ငါး/ပုစွန် အထွက်တိုးစေရန်၊ မျိုးကောင်းမျိုးသန့်များ ရေရှည်တည်တံ့ တိုးပွားလာစေရန်နှင့် ငါးသယံဇာတများထိန်းသိမ်းနိုင်ရန်ရည်ရွယ်၍ ရေသတ္တဝါများ၏ မိတ်လိုက်၊ မျိုးပွားရာသီချိန်ကာလတွင် ဖမ်းဆီးခြင်း၊ ဝယ်ယူ၊ စုဆောင်းခြင်းမပြုကြရန် အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များဖြင့် တားမြစ်ထားပြီးဖြစ်ပါသဖြင့် အောက်ပါရေသတ္တဝါ(အရှင်)များအား သတ်မှတ်ကာလအတွင်း ဖမ်းဆီး၊ စုဆောင်း၊ ရောင်းဝယ်၊ တင်ပို့ခြင်း မပြုရန်နှင့် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

- ❖ ကျောက်ပုစွန်၊ ကင်းပုစွန်၊ ငါးလင်ပန်း – ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ
- ❖ ကျောက်ငါး – ဇူလိုင်လ(၁)ရက်နေ့မှ စက်တင်ဘာလ(၃၀)ရက်နေ့အထိ
- ❖ ရေချိုငါးအားလုံး – မေလ(၁)ရက်နေ့မှ ဇူလိုင်လ(၃၁)ရက်နေ့အထိ
- ❖ ရေငန်ပုစွန် – ဇွန်လ(၁)ရက်နေ့မှ ဩဂုတ်လ(၃၁)ရက်နေ့အထိ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် မတ် ၂၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက် ၁၂ နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်း



အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၌ ဒေသခံပြည်သူ ၄၄ ဦး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်၌ ဒေသခံပြည်သူ ၃၅၀၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၂၅၆၂၆ ဦး၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ ဒေသခံပြည်သူ ၆၂၁၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၅၆၂၀နှင့် ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်နှင့် ပဲခူးမြို့နယ်တို့၌ ဒေသခံပြည်သူ ၈၃၀ တို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၁ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်ရစ်သူအကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေး

**ပဲခူး မတ် ၂၀**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးဥပဒေနှင့်အညီ လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာ သေဆုံးမှုအတွက် ကျန်ရစ်သူခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ၂၀၂၁ ခုနှစ် လူမှုဖူလုံရေးဥပဒေပါကိစ္စရပ်များနှင့် အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ငူမြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထားဌာနမှ အာမခံအလုပ်သမား ဦးဌေးဝင်း၏ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရ သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၉၉၀၀၀၀၀ အား ၎င်း၏ဇနီးဖြစ်သူ ဒေါ်စန်းစန်းအေးထံသို့လည်းကောင်း၊ အာမခံအလုပ်သမား ဦးအာကာဆောင်း၏ လုပ်ငန်းခွင်ထိခိုက်ဒဏ်ရာရ သေဆုံးမှုအတွက်




ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၈၁၀၀၀၀၀ အား ၎င်း၏ဇနီးဖြစ်သူ ဒေါ်နှင်းရီထံသို့လည်းကောင်း ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီးတာဝန်ခံအရာရှိဒုတိယညွှန်ကြားရေးမှူး ဦးဝင်းစိုးက ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ ဆင်းရွှေကြာ-၂ နေကြာကေ ၂၁၂ ဒသမ ၅ ကေ စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်း

**အုတ်တွင်း မတ် ၂၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်တွင် ဆင်းရွှေကြာ-၂ မျိုး ဆီထွက်သီးနှံနေကြာ ၂၁၂ ဒသမ ၅ ဧက စိုက်ပျိုးထားရှိပြီး အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

အုတ်တွင်း မြို့နယ်အတွင်း နေကြာစိုက်ပျိုးနိုင်သော မြေအမျိုးအစားအားလုံးတွင် တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ရေး အစီအစဉ်အရ မြို့နယ်စိုက်ပျိုးရေး




ဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများထံသို့ ဆင်းရွှေကြာ -၂ နေကြာမျိုးစေ့ ၄၀၀ ပြည်ကို အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် ဆင်းရွှေကြာ-၂ နေကြာသီးညှပ် စိုက်ပျိုးခြင်းကို ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ၂၁၂ ဒသမ ၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ၂၀၂၂-၂၀၂၃ ဆောင်းသီးနှံတွင် နေကြာသီးညှပ် ၃၂၂၂ ဧကနှင့် နေကြာသီးသန့် ၃၅ ဧက တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**






**အား**
**ကစား**
**မြှင့်တင်**
**စိတ်လန်းရှင်**
**ဆန့်ကျင်**
**မူးယစ်**
**ဆေး**

**○ ကျောဖုံးမှ**

အခုပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက အက်ပလီကူတာ၊ သီယာဂိုဆေးလ်ဗား၊ ရူဒီဂျာ၊ ဆား၊ မာဆင်မောင့်၊ လိုတက်ချိခ်၊ ကိုဗာဆစ်၊ ဇီယက်ချ်၊ လူကာကူ၊ ပူလီဆစ် စတဲ့ ကစားသမားတွေကို ၄-၃-၃ ကစားကွက်နဲ့ ပွဲထွက်လာခဲ့ပြီး မစ်ဒယ်ဘရော့အသင်းကတော့ ဒီဂျစ်စတီး၊ မက်နဲယား၊ ခရွတ်ခ်၊ ဟောင်ဆင်၊ တာဗာနီယာ၊ တေလာ၊ ကိုနိုလီ၊ ဘာလိုဂွန် စတဲ့ ကစားသမားတွေကို ၃-၅-၂ ကစားကွက်နဲ့ ပွဲထွက်လာခဲ့တာ ဖြစ်ပါတယ်။

မစ်ဒယ်ဘရော့အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၁၅ မိနစ်မှာ တိုက်စစ်မှူး လူကာကူက တစ်ဂိုးနဲ့ ၃၁ မိနစ်မှာ ဇီယက်ချ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

**သွင်းဂိုး ၁၂ ဂိုး ပြည့်မြောက်**

တိုက်စစ်မှူး လူကာကူဟာ အခုပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် အခုနှစ်ဘောလုံးရာသီမှာ ချယ်လ်ဆီးအသင်းနဲ့အတူ သွင်းဂိုး ၁၂ ဂိုး ပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။ မစ်ဒယ်ဘရော့အသင်းဟာ လက်ရှိချန်ပီယံရှစ်ပြိုင်ပွဲမှာ အမှတ်ပေးဇယားအဆင့် ရှစ်နေရာမှာ ရပ်တည်နေတာဖြစ်ပြီး ချယ်လ်ဆီးအသင်းကတော့ ပရီမီယာလိဂ်အမှတ်ပေးဇယားမှာ အဆင့် ၃ နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ မစ်ဒယ်ဘရော့ကို အနိုင်ရပြီး အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့သလို ခရစ္စတယ်ပဲလေ့အသင်းကလည်း အဲဗာတန်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိကာ ဆီမီးဖိုင်နယ်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။ ဆောက်သမ်တန်အသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာတော့ မန်စီးတီးအသင်းက လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခဲ့ပြီ ဖြစ်ပါတယ်။

နော့တင်ဟမ်ဖောရက်စ်အသင်းနဲ့ လီဗာပူးအသင်းတို့ပွဲစဉ်တွေထဲက ဆီမီးဖိုင်နယ်အဆင့်ကို ဘယ်အသင်းတက်လာမလဲ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ အက်ဖ်အေဖလားဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်တွေကို ဧပြီ ၁၆ ရက်နဲ့ ၁၇ ရက်တို့မှာ ကျင်းပသွားဖို့ရှိနေတာ ဖြစ်ပါတယ်။

**ငွေကြယ်**

**❒ ထိုင်းဖိတ်ခေါ်မှ**

ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် တစ်ဂိုးစီသရေ၊ ဒုတိယပိုင်းတွင် နှစ်ဂိုးစီသရေကျနေသဖြင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ အိုမန်အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ယူကာ စုစုပေါင်း ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် တတိယနေရာရခဲ့ခြင်းဖြစ်သည်။ ပွဲချိန်အတွင်း မြန်မာအသင်းအတွက် ဂိုးများကို မျိုးသက်အောင်၊ ချမ်းသာနှင့် နိုင်လင်းထွန်းကျော်တို့က သွင်းယူသည်။

မြန်မာအသင်းသည် ဧပြီလတွင်ယှဉ်ပြိုင်ရမည့် အာဆီယံဖူဆယ်ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခုပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး စတုတ္ထနေရာဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲအပြီးတွင် ထိုင်းနိုင်ငံ၌ ဆက်လက်လေ့ကျင့်သွားမည်ဖြစ်သည်။

**ကိုညီလေး**

○

**အများသိစေရန်ကြော်ငြာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ၁၀၄/ရပ်ကွက်၊ ရွှေဥဒေါင်း(၄)လမ်း၊ အမှတ်(၁၈၁၇ /က)၊(ပေ၂၀× ပေ၆၀) ဦးကြီးမြင့်အမည်ပေါက်ပါမစ်မြေနှင့်မြေပေါ်ရှိ(၅)ခန်းတွဲ(၁)ထပ်၊ လျှပ်စစ် မီးပါ အိမ်နှင့်မြေအကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်ဆက် စာချုပ်ဖြင့်ဝယ်ယူ ပိုင်ဆိုင်လက်ရှိဖြစ်သော ဒေါ်ရွက်ဝါနွေး(၁၂/သကတ(နိုင်) ၁၉၈၂၄၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးဉာဏ်ဝင်း (၉/ညဥန (နိုင်)၀၀၀၇၃၁) ကဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လို သူရှိပါက(၇)ရက်အတွင်းကျွန်ုပ်တို့ထံသို့အထောက်အထားမူရင်းများနှင့်အတူကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကို အပြီး သတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| **ဦးခင်မြင့်** B.A,H.G.P, RL, | **ဒေါ်စဉ်မင်းမင်း** LL.B, |
| WIPO (SWITZERLAND) | WIPO (SWITZERLAND) |
| **တရားလွှတ်တော်ရှေ့နေ** (Advocate) | **တရားလွှတ်တော်ရှေ့နေ** (Advocate) |
| **(စဉ်-၄၉၅၀)** | **(စဉ်-၁၀၉၂၃)** |

**အမှတ်(၁၁၀၇)၊ ပတ္တမြား(၃)လမ်း၊ ၇/အနောက်ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၇၃၀၇၁၈၉၆၊ ၀၉-၇၃၀၁၅၈၂၉**

**အများသိစေရန်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ ရွှေလောင်းလမ်း၊ အမှတ် ၃၈/B၊ မြေညီထပ်၊ (၁၂'၁'' × ၄၅') ရှိတိုက်ခန်းကို ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်သိဂီညွှန့် (၁၂/သလန(နိုင်) ၀ရ၆ရ၃၁)ထံမှ ဝယ်ယူရန်အတွက်ကျွန်ုပ်၏ မိတ်ဆွေမှ စရံငွေတချို့ပေးချေပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများ ယူဆောင်လျက် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်ယင်းရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားပါမည်။

ညွှန်ကြားချက်အရ- ဦးအောင်နိုင်
LL.B, DBL.DIL
တရားလွှတ်တော်ရှေ့နေ(စဉ်-ရ၈၂၆)
အမှတ်-၁၀/၁၂. မြေညီထပ်၊
၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉၄၄၃၀၄၈၁၅၈

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာ**

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၉)၊ မြေကွက်အမှတ် (၆၂၅)၊ ဧရိယာအလျားပေ (၄၀× အနံပေ ၆၀) ရှိ ကျန်းမာရေးဦးစီးဌာနမှ ဒေါ်တင်လှိုင်အမည်ပေါက် ပါမစ်မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်လွင် (၅/စကန(နိုင်) ၀၅၃၃၃၅) ထံမှ အပြီးအပိုင် ဝယ်ယူရန်ကျွန်ုပ်ဦးဇော်လွန်းနောင် (၁၂/ ဒပန(နိုင်) ၀၆၁၆၂၃) မှ စရံငွေတစ်စိတ် တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်သည့်နေ့ ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

ဦးဇော်လွန်းနောင်
၁၂/ဒပန (နိုင်) ၀၆၁၆၂၃
09- 752333109 / 09- 751652172

ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။

**စာတည်း**



## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် မတ် ၂၀**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင်(၄၀)အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၆၅)ရပ်ကွက်၊ TOSTA အိမ်ရာ၊ အဆောက်အဦအမှတ်-(A-1)၊ အခန်းအမှတ်-(101)၊ အကျယ်အဝန်း (၇၇၀)ပေရှိ ပထမထပ် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွတ်လွပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဟံသိန်း [၁၂/ဥကတ(နိုင်)၁၂၂၀၉၈]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရတနာနွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၇)**
**အမှတ်-(၅၅၂/က) ၊ အင်ကြင်းလမ်း၊ (၂၂)ရပ်ကွက်၊**
**တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၈၀၀၀၇၀**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။



## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်မြင့်ဦး(ခ) ဦးစန်းမြင့်
**(လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန)**
**ရွှေသမင်ပလတ်စတစ်လုပ်ငန်း၊ မြန်အောင်မြို့နယ်၊ ရွှေကျင်မြို့**
**အသက် (၈၆) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ စက်မှုဇုန် (၂) (၆၃) ရပ်ကွက်၊ မေခလမ်း၊ အမှတ်(၂၈၀၅၊ ၂၈၀၆၊ ၂၈၀၇)၊ (ဦးမှတ်ကြီး-ဒေါ်ဟိန်)တို့၏သား၊ ဒေါ်ခင်နွဲ့ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးညွှန့်ဝေ-(ဒေါ်အေးသိင်္ဂီဦး)၊ ဦးကျော်မိုးလွင်-ဒေါ်မြမဥ္ဇူဦး၊ ဦးနိုင်ဝင်းအောင်-ဒေါ်မိုးဥမ္မာဦး၊ ဒေါက်တာမျိုးပပဦး (တွဲဖက်ပါမောက္ခ၊ ခတုဗေဒဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ်)တို့၏ မွေးသဖခင်၊ မြေး(၄) ယောက်တို့၏အဘိုး ဦးအောင်မြင့်ဦး(ခ)ဦးစန်းမြင့်သည် ၂၀-၃-၂၀၂၂ ရက်နေ့ ညနေ ၅:၁၅ နာရီတွင် အာရုတော်ဝင် အထူးကုဆေးရုံကြီး၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၂-၃-၂၀၂၂ ရက်(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၆-၃-၂၀၂၂ ရက်(စနေနေ့) နံနက် ၇ နာရီမှ ၁၂ နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
**မရမ်းကုန်းမြို့နယ်၊ မြစံပယ်လမ်း၊ ဝိဇ္ဇောတာရုံစာသင်တိုက်**
**ဦးစီးပဓာန မဟာနာယက**
**ရွှေကျင်နိကာယာဓိပတိ ဥက္ကဋ္ဌ မဟာနာယက ဓမ္မသေနာပတိ**
**ပန္နရသမ ရွှေကျင်သာသနာပိုင် ဝိဇ္ဇောတာရုံဆရာတော်ဘုရားကြီး**
## ဘဒ္ဒန္တဝိဇ္ဇောတ မဟာထေရ်မြတ်
**အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊**
**နိုင်ငံတော်ဩဝါဒါစရိယ**
## သိက္ခာတော်(၇၃)ဝါ၊ သက်တော်(၉၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြစံပယ်လမ်း၊ ဝိဇ္ဇောတာရုံစာသင်တိုက် ဦးစီးပဓာန မဟာနာယက ပန္နရသမ ရွှေကျင်သာသနာပိုင် မဟာထေရ်မြတ်သည် ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ ၂၀-၃-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၂:၁၂ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်မြတ်ကို ၁၃၈၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်၊ ၂၂-၃-၂၀၂၂ (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ဝိဇ္ဇောတာရုံစာသင်တိုက်၌ အန္တိမဈာပနသာဓုကီဠနပူဇော်ပွဲ သဘင်ဆင်ယင်ကျင်းပ၍ ညနေ ၃ နာရီတွင် ပင့်ဆောင်ပြီး ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ သံသုမာလမ်းပေါ်ရှိ သုဝဏ္ဏဘူမိ EVENT PARK ၌ သံဃာတော်များ ဒါယကာ၊ ဒါယိကာမများက နောက်ဆုံးပူဇော်လျက် ညနေ ၅ နာရီတွင် အန္တိမအဂ္ဂိဈာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ

**ကမ္ဘာ့ အပူချိန် လျှော့ ချဖို့ အိုဇုန်းလွှာ ကာကွယ် မှုနဲ့ အတူ ဆက်လက် ဆောင်ရွက် စို့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးရွှေထွန်း
**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ပြေ(၉)လမ်း၊ အမှတ်(၂၂)နေ (ဦးသန်း-ဒေါ်သန်း)တို့၏သား၊ ဒေါ်ဖြူ၏ခင်ပွန်း၊ ဦးကျော်ငွေ-ဒေါ်ချယ်ရီ၊ (ဦးမြတ်စိုး)၊ ဒေါ်မြင့်မြင့်စိုးတို့၏မွေးသဖခင်၊ ကိုမင်းကျော်ဦး-မအိအိကျော်၊ မထက်ထက်လင်းတို့၏အဘိုးသည် ၁၉-၃-၂၀၂၂(ဗုဒ္ဓဟူးနေ့) ည ၇:၄၀ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၁-၃-၂၀၂၂ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီး သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၃-၂၀၂၂ (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာယူမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများ အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**သင့် သွေးဖြင့် အသက် ကယ်ပါ**

### အထူးဝမ်းနည်းကြေကွဲခြင်း
**Teddy Myint**
## ဦးအောင်ဇော်ထွန်း
**1964 Intake**
## အသက်(၈၀)

မော်လမြိုင်ကောလိပ်ကျောင်းသားဟောင်း Teddy Myint သည် ၁၆-၃-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၅၉-၁၉၆၅ မော်လမြိုင်ကောလိပ်**
**ကျောင်းသားဟောင်းများ**

## ဦးဇော်ထွန်း
**(ကဗျာဆရာကြီးဇော်နောင်)**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ စွယ်တော်လမ်း၊ အမှတ်(၁၁၉၁)နေ (ဦးလှအောင်-ဒေါ်သန်းရီ)တို့၏ ဒုတိယသား၊ (ဦးဘအေး-ဒေါ်စု)တို့၏သားသမက်၊ (ဦးသိန်းထွန်း-ဒေါ်တင်အုံး)တို့၏ညီ၊ (ဦးအောင်ကြီး)-ဒေါ်ခင်လှတိုး၊ (ဦးစိန်လင်း)-ဒေါ်ခင်မြ၊ ဦးမျိုးခင်-ဒေါ်မိုးမိုး၊ ဦးမျိုးကြည်-ဒေါ်လီလီခင်တို့၏အစ်ကို၊ ဒေါ်မြသိန်း(ကုန်သွယ်ဦးစီး-ငြိမ်း)၏ခင်ပွန်း၊ ဒေါ်ဇာနည်ဇော်(မြနှင်းဆီ YU)၏ ကျေးဇူးရှင်ဖခင်သည် ၁၉-၃-၂၀၂၂ (စနေနေ့) နံနက် ၈:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၃-၂၀၂၂(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါ ဒဂုံမြို့သစ်(မြောက်ပိုင်း) နေအိမ်၌ ရက်လည်ဆွမ်းကျွေးရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်သန်းသန်းအေး(၄၉)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ ပုလဲရတနာလမ်း၊ အမှတ်(၂၄)နေ (ဦးကျင်ဟန်-ဒေါ်ကြည်ကြည်သိန်း)တို့၏သမီး၊ ဒေါ်အေးအေးရီ၏ညီမသည် ၁၉-၃-၂၀၂၂(စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅) ၊ နတ်သျှင်နောင်လမ်း၊ မြေကွက်အမှတ်(၃၁၃)၊ အကျယ်အဝန်း(၀.၀၅၈-ဧက)ရှိ ဦးသိန်းထွန်း ၊ ဒေါ်မြမြ အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံးအမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေငြာစာချုပ်အမှတ်( ၈၀၅ /၂၀၂၂ )ဖြင့်ပိုင်ဆိုင်သူ ဦးဇော်ထွန်းဦး၊ ဦးညီညီထွန်း တို့ထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးသူရကို (၁၂/သဃက(နိုင်)၁၄၅၄၅၄) ထံမှကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L, | LL.B, D.B.L, D.I.P.L, |
| တရားလွှတ်တော်ရှေ့နေ ( စဉ်-၈၈၈၂ ) | တရားလွှတ်တော်ရှေ့နေ ( စဉ်-၁၄၂၀၄ ) |

**Hein Htet San Law Firm** ဖုန်း- ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ စံပြရပ်ကွက်၊ စံပြ(၁)လမ်း၊ အမှတ်(၃၅၂)နေ ဒေါ်မြင့်မြင့်စိန် [၁၂/ဥကတ(နိုင်)၁၂၀၆၇၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စိတ္တာသုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ်(၉၂၇)၊ ဧရိယာ ပေ(၄၀x၆၀)ရှိ ပါမစ်မြေ အမျိုးအစားအနက်မှ မြေကွက်အမှတ်(၉၂၈)နှင့် ကပ်လျက် ဧရိယာ (အလျား၂၀ပေ xအနံ ၆၀ပေ)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိထား ပိုင်ဆိုင်လျက်ရှိသူ ဒေါ်သိင်္ဂီကေ [၁၂/သဃက(နိုင်)၀၃၃၅၆၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိန်က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လို သူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့် အညီ အပြီးအပိုင်အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုး**
**LL.B, D.B.L, D.A.Psy**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၉)**
**အမှတ်(၅၈)၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph-09- 795594290 ၊ 09- 421049710**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ လူနေရပ်ကွက်အမှတ်(၂၄)၊ နဝရတ်(၁)လမ်း၊ မြေကွက်အမှတ်(၁၀၄၁)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀'x၆၀')ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၃)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အဦ၏ (မြေညီ)ထပ်(စီ/မြေညီ)(ခြေရင်းခြမ်းအစွန်)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂.၅ပေx၅၅ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူလက်ရောက်ရရှိပိုင်ဆိုင် အကျိုးခံစားလျက်ရှိသူ ဒေါ်ဥမ္မာ[၁၄/မမန(နိုင်)၁၅၃၇၀၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အဆိုပါတိုက်ခန်းတန်ဖိုး တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေပြီးဖြစ်ပါသည်။ အထက်ပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက ယခုဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညွန့်ညွန့်သန်း(LL.B,DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၉)**
**အမှတ်(၃၂၀)၊ ရာဇာဓိရာဇ်လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၁၅၂၆၈၈၀၊ ၀၉-၂၆၀၉၈၃၃၃၁**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၃)ရပ်ကွက်၊ ရွှေသစ္စာလမ်း၊ အမှတ်(၁၅၄)၊ ပထမထပ်၊ မြေရှင် ဒေါ်ချိုချိုလှိုင်၊ ကန်ထရိုက်တာ ဒေါ်ဝင့်ရည်နှင်းနွယ် ရရှိသည့် အကျယ်အဝန်း အလျား (၁၅)ပေ x အနံ (၆၁)ပေရှိ တိုက်ခန်းအင်္ဂါရပ်နှင့် ရေ၊ မီး၊ ဆေးအစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ SHAN KUMAR [၁၂/ရကန(ပြု)၀၀၁၄၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝင်းမောင် [၉/ညဥန(နိုင်)၁၄၄၆၀၄]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်ခွင့်ရှိသူများသည် ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဦးမြင့်ဇော်ဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၁၀)**
**အမှတ်(၇၃၅)၊ ညောင်ဦးဖီးလမ်း၊ (၂)ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်**
**Ph: 09- 420307568, 09- 794744866**

### အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်လမ်းမကြီး၊ တိုက်အမှတ်(၆၅၄)၊ (၁)ခန်းတွဲ (Hall)(၃၁၂၊ ၅)ထပ်တိုက်မှ ဒုတိယထပ်(၃)လွှာ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတည်ရှိရာ ဒေါ်စန်းစန်းအေး၏ မြေပိုင်ဆိုင်မှု ရေစက်၊ မီတာ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးအား လက်ရှိ တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝေဝေကျော် [၁၁/စတန(နိုင်)၀၇၉၀၅၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ထက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသီဟဝင်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၅၈၁)**
**အိမ်အမှတ်(၄၄၆/ခ)၊ မင်္ဂလာလမ်း၊ အပိုင်(၁)**
**(၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်။**
**Ph: 09- 259224322, 09- 794988707, 09- 450630393**

### ဒေါ်ဝင်းသူဇာနွယ်နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ (၄)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်းသွယ်၊ အမှတ်(၁၄/၃၄၇)၊ ဒေါ်မာမာအောင်[၇/ပခန(နိုင်)၂၁၂၁၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဒေါ်ဝင်းသူဇာနွယ်အနေဖြင့် ကျွန်ုပ်မိတ်ဆွေ၏မောင်ဖြစ်သူ လူကြီးမင်း၏ခင်ပွန်း ဦးစည်သူအောင်နှင့် လူကြီးမင်းတို့ပေးရန်ရှိသည့် ငွေကြေးအရှုပ်အရှင်းများနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာအောင်မှ ငွေကြေးတစ်စုံတစ်ရာရယူသုံးစွဲခဲ့ခြင်းမရှိဘဲ ကျွန်ုပ် မိတ်ဆွေ၏ အမည်ကိုအသုံးပြု၍ အခြားသူများထံ မမှန်မကန်ဖော်ပြရေးသားပေးပို့ခြင်း များ၊ နှုတ်ဖြင့်ဂုဏ်ကျက်သရေ ပျက်စီးအောင် ပြောဆိုခြင်းများပြုလုပ်လျက်ရှိသည်ကို ပြောကြားချက်အရ သိရှိရပြီး ဒေါ်ဝင်းသူဇာနွယ်နှင့် ၎င်း၏ခင်ပွန်းကွယ်လွန်သူ ဦးစည်သူ အောင်တို့နှင့်ပတ်သက်သည့် ငွေကြေးအရှုပ်အရှင်းများသည် ကျွန်ုပ်မိတ်ဆွေနှင့်လုံးဝပတ် သက်ခြင်းမရှိသလို တာဝန်ယူ ဖြေရှင်းပေးမည်လည်းမဟုတ်ပါသဖြင့် ဒေါ်ဝင်းသူဇာနွယ်မှ ဖြစ်စေ၊ အခြားသူများမှဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေ ဒေါ်မာမာအောင်နှင့် ၎င်း၏မိသားစုများ ဂုဏ်သိက္ခာကျဆင်းစေရန် မမှန်မကန်ရေးသားဖော်ပြ ပြုမူပြောဆိုခြင်းများ ထပ်မံမပြုလုပ်ရန် ကျွန်ုပ်မှတစ်ဆင့် အသိပေးတားမြစ်အပ်ပြီး တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်ဝင်းသူဇာနွယ်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်လွင်မာဦး(LL.B) | ဒေါ်နော်အိန္ဒြေဖူးသစ်ဦး(LL.B) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၁) | အထက်တန်းရှေ့နေ(စဉ်-၅၂၆၇၄) |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဆ/၃)၊ မြေကွက်အမှတ်(၆၇/ခ)ဟုခေါ်တွင်သော အမှတ် (၆၇/ခ)၊ ကရဏာလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့တွင်တည်ရှိသော မြေအကျယ်အဝန်း ပေ(၂၀x၆၀) ရှိမြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဦးမြခင်(KLT-၁၁၃၉၃၅)အမည်ဖြင့် မှတ်သားတည်ရှိ ပြီး အမည်ပေါက်ထံမှ ဦးပြည့်စုံထွန်း[၁၂/အလန(နိုင်)၀၄၁၂၅၁]သည် "နှစ်ဦးသဘောတူအဆင့်ဆင့်အဆက် စပ်အရောင်းအဝယ် ကတိစာချုပ်"များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်း နှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏ မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ် ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်ကေကေနိုင်(LL.B) |
| (စဉ်-၁၁၄၀၆) | (စဉ်-၅၃၃၄၄) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ဒီမိုကရေစီစနစ် ခိုင်မာရေး ပညာရေးကို ဦးစားပေးမြှင့်တင်

"ပညာတတ်များ ပေါကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ် ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်သည်"


(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားခဲ့မှုမှ ကောက်နုတ်ချက်)

## မစ်ဒယ်ဘရော့အသင်းကို အနိုင်ရပြီး ချယ်လ်ဆီးအသင်း အက်ဖ်အေဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် တက်လှမ်း

မစ်ဒယ်ဘရော့အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ မတ် ၁၉ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလားကွာတားဖိုင်နယ်အဆင့်မှာ ချယ်လ်ဆီးအသင်းက မစ်ဒယ်ဘရော့အသင်းကို နှစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ○






## မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားလာမည့် မုန်တိုင်းငယ်ကို လိမ္မော်ရောင်အဆင့် သတ်မှတ်

နေပြည်တော် မတ် ၂၀

**မုန်တိုင်းငယ်အခြေအနေ**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၁၀ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၃၀ မိုင်ခန့်၊ ထားဝယ်မြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၇၀ မိုင်ခန့်၊ ကော့သောင်းမြို့၏ အနောက်-အနောက်မြောက်ဘက်

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ■

**ယနေ့** ဖတ်စရာ



ချင်းပြည်နယ်ရှိ ပြည်သူ့ဝန်ထမ်းအိမ်ရာများ

ဆောင်းပါး စာမျက်နှာ » ၁၆

**သီရိလင်္ကာနိုင်ငံ၌ နေအိမ်ဥယျာဉ် ၂ ဒသမ ၂ သန်းခန့် ဖန်တီးဆောင်ရွက်မည်**



စာမျက်နှာ » ၁၃

## ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲ တတိယလုပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

ရန်ကုန် မတ် ၂၀

ထိုင်းဖိတ်ခေါ် ဖူဆယ်ပြိုင်ပွဲဖြစ်သော NSDF Futsal Invitation Championship 2022 ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ယနေ့ ဆက်လက်ကျင်းပရာ မြန်မာအသင်း တတိယနေရာလုပွဲ၌ ရှုံးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် တတိယလုပွဲအဖြစ် အိုမန်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ပင်နယ်တီအဆုံးအဖြတ်တွင် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် အိုမန်အသင်းသည် သာမန်ပွဲကစားချိန်တွင် သုံးဂိုးစီ သရေကျနေသဖြင့် ပင်နယ်တီဖြင့်

စာမျက်နှာ ၂၇ ကော်လံ ၁ သို့ ❐